# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်၊ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၂)၊ အမှတ်(၉၁)


## သားစဉ်မြေးဆက်အထိ ရေရှည်ခံစား

မုန်းချောင်းဘက်စုံစီမံကိန်းသည် နိုင်ငံတော်တစ်ရပ်လုံးနှင့်အကျုံးဝင်သည့် မဟာဓာတ်အားလိုင်းစနစ်စီမံကိန်းဝင် လုပ်ငန်းတစ်ခုဖြစ်ပြီး ဒေသအတွက်ရော နိုင်ငံအတွက်ပါ အကျိုးပြုသည့် တိုင်းကျိုးပြည်ပြုစီမံကိန်းကြီးဖြစ်သည်။ စိုက်ပျိုးမြေ ဧကတစ်သိန်းကျော်ကို ရေပေးနိုင်သည့်အပြင် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ခြင်း၊ ဒေသကို ချောင်းရေကြီးမှုဘေးအန္တရာယ်မှ ကာကွယ်နိုင်ခြင်း၊ ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုခြင်း စသည့် အကျိုးသက်ရောက်မှုများသည် သားစဉ်မြေးဆက်အထိ ရေရှည်ခံစားသွားရမည်ဖြစ်သည်။

## မုန်းချောင်းတမံတွင် ရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်နိုင်မှု ကြီးမားသည့် ပြည်သူ့အကျိုးပြုအောင်ပွဲဖြစ် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သောလျှပ်စစ်ဓာတ်အား တိုးတက်ဖြည့်ဆည်းပေးနိုင်ရေး တွန်းအားပေးသွားမည်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနတို့မှ အင်ဂျင်နီယာပညာရှင်များ ပူးပေါင်းတည်ဆောက်ပြီးစီးသည့် မကွေးတိုင်း စေတုတ္တရာမြို့နယ် မုန်းချောင်းဘက်စုံရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် အဆိုပါ ရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ●

**နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မုန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် လှည့်လည်ကြည့်ရှုစဉ်။** (သတင်းစဉ်)



## မြန်မာတို့၏ အားမာန်စွမ်းပကားသည် မြန်မာ့သမိုင်းတွင် ထွန်းပြောင်လျက်ရှိ

မြန်မာတို့သည် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းဆက်ခံပြီး သူရဲကောင်းစိတ်ဓာတ်ဖြင့် မိမိတို့၏ လွတ်လပ်ခွင့်ကို ကာကွယ်စောင့်ရှောက်သူများဖြစ်ကြောင်း မြန်မာ့သမိုင်း၌ ခိုင်မာကြွယ်ဝသော သာဓကများစွာဖြင့် ကမ္ပည်းမှတ်တမ်းစိုက်ထူခဲ့ပြီးဖြစ်ပေသည်။ ကိုလိုနီနယ်ချဲ့တို့၏ မတရားကျူးကျော်မှုကို သူ့ကျွန်အဖြစ် နှံ့နစ်မခံဘဲ လွတ်လပ်ရေး ပြန်လည်ရရှိရန် ကြိုးပမ်းမှုခရီးစဉ်တွင် အမျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ကို အရင်းခံကာ မြန်မာတို့သည် နိုင်ငံရေး၊ စစ်ရေး နည်းလမ်းမျိုးစုံဖြင့် နယ်ချဲ့ရန်ကို ဆန့်ကျင်တွန်းလှန်ခဲ့ကြပေသည်။ လွတ်လပ်ရေးတိုက်ပွဲစဉ်တစ်လျှောက် အသက်၊ သွေး၊ ချွေးများစွာ စိုက်ထုတ် စွန့်စားလျက် တက်ညီလက်ညီ သွေးစည်းကြိုးပမ်းခဲ့ကြသော မြန်မာတို့၏ အားမာန်စွမ်းပကားသည် မြန်မာ့သမိုင်းတွင် ထွန်းပြောင်လျက်ရှိသည်ကို ကျွန်ုပ်တို့ မမေ့သင့်ကြပေ။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**
(၅၁)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာမှ–



**နိုင်ငံတော် ပွဲစည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)

# ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရေး မြန်မာ့တိုင်းရင်းဆေးပညာများဖြင့် ကြိုးပမ်းစွမ်းဆောင်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်ရေးအတွက် ရည်မှန်းချက်မြင့်မြင့်မားမားထားပြီး ထူထောင်နေချိန်တွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရန် ကျန်းမာရေးဆိုင်ရာ ဦးတည်ချက်များကို ချမှတ်ဖော်ဆောင်လျက်ရှိသည်။

ယင်းသို့ဖော်ဆောင်ရာတွင် ကိုယ်ပိုင်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးဟူသည့် လူမှုရေးဦးတည်ချက်များကို ခိုင်ခိုင်မာမာချမှတ်ပြီး လက်တွေ့ကျကျ၊ စီမံချက်ရှိရှိ အကောင်အထည်ဖော်လျက်ရှိသည်။

တိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ရိုးရာယဉ်ကျေးမှု အမွေအနှစ်ဖြစ်သည့် မြန်မာ့တော်ဝင်ဆေးပညာနှင့် ခေတ်မီဆေးသိပ္ပံပညာ ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် သုတေသနပြုလေ့လာဖော်ထုတ်နိုင်ရန် အခြေခံအဆောက်အအုံများကို အလေးထား တည်ဆောက်ပေးလျက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဒီဇင်ဘာလ ၂၆ရက်နေ့က မန္တလေးတိုင်း မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ်ကွက်၌ တည်ဆောက်ပြီးစီးသွားသည့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးတက္ကသိုလ် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်ပြီး အမှာစကားပြောကြားရာ၌–

**"မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာတို့၏ ရှည်လျားသည့် သမိုင်းကြောင်းနှင့်အတူ မိမိနိုင်ငံ၊ မိမိလူမျိုး၏ ရေမြေသဘာဝ၊ ယဉ်ကျေးမှုဓလေ့စရိုက်၊ အတွေးအခေါ်တို့နှင့်အညီ ပေါက်ဖွားရှင်သန်လာခဲ့သည့် ကိုယ်ပိုင် တော်ဝင်ဆေးပညာရပ်ဖြစ်ကြောင်း၊ ဤဆေးစွမ်းရည်ထက်မြက်သည့် ဆေးပညာရပ်၏ စောင့်ရှောက်မှုနှင့်ပင် ရှေးမြန်မာအဘိုး၊ အဘွားများသည် သက်ရှည်ကျန်းမာအောင်နေထိုင်လာခဲ့ခြင်း ဖြစ်သည့်အတွက် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်စွမ်းရှိသည့် ရိုးရာဆေးပညာရပ်လည်းဖြစ်ကြောင်း"**

ပြောကြားသွားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မြန်မာ့တိုင်းရင်းဆေးပညာ နှုန်းမီစံကိုက် တိုးတက်ထွန်းကား ပြန့်ပွားရေး၊ နိုင်ငံတကာအဆင့်မီ ဆေးပညာရပ်တစ်ခုအဖြစ် စည်းစနစ်တကျ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ အစွမ်းအာနိသင်ထက်မြက်သည့် တိုင်းရင်းဆေးဝါးများကို သိပ္ပံနည်းကျကျ ထုတ်လုပ်မှုနည်းစဉ်များဖြင့် စံချိန်စံညွှန်းကိုက်ညီစွာ ထုတ်လုပ်နိုင်စေရန် မူဝါဒများချမှတ်ပြီး အားပေးဆောင်ရွက်လျက်ရှိသည်။

ယင်းကဲ့သို့ နိုင်ငံတော်၏ အားပေးစောင့်ရှောက်မှု၊ တိုင်းရင်းဆေးပညာရှင်များ၏ ကြိုးပမ်းဆောင်ရွက်မှု၊ မြန်မာ့တိုင်းရင်းဆေးများအပေါ် ပြည်သူများ၏ ယုံကြည်ကိုးစားမှုများကြောင့် ယခုအခါ မြန်မာ့တိုင်းရင်းဆေးပညာ အဆင့်အတန်း ပြန်လည်မြင့်မား တိုးတက်လာခဲ့ပေသည်။

နှစ်စဉ်နှစ်တိုင်း မြန်မာ့တိုင်းရင်းဆေးညီလာခံများ၊ ပြပွဲများကျင်းပပေးခြင်း၊ တိုင်းရင်းဆေးပညာ ဒီပလိုမာ သင်တန်း၊ ဆေးဆရာသင်တန်းများနှင့် တိုင်းရင်းဆေးတက္ကသိုလ်သင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ပြည်နယ်နှင့် တိုင်းများအားလုံးတွင် တိုင်းရင်းဆေးရုံများနှင့် ဆေးကုဌာနများ ဖွင့်လှစ်ပေးခြင်း စသည့်အောင်မြင်မှု အသီးအပွင့်များကို မျက်ဝါးထင်ထင် မြင်တွေ့နေကြရပြီ ဖြစ်သည်။

ယခုအခါ တက္ကသိုလ်အင်္ဂါရပ်များနှင့်ညီညွတ်သည့် တိုင်းရင်းဆေးတက္ကသိုလ် အဆောက်အအုံသစ်ကြီး ပေါ်ထွက်လာပြီဖြစ်၍ တိုင်းရင်းဆေးပညာကို ခေတ်မီသိပ္ပံနည်းနှင့် ပေါင်းစပ်၍ ကျယ်ကျယ်ပြန့်ပြန့် လေ့လာတတ်မြောက်မည့် ကျွမ်းကျင်သည့် တိုင်းရင်းဆေးပညာရှင်များ မွေးထုတ်ပေးနိုင်တော့မည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာ့တိုင်းရင်းဆေးပညာ တိုးတက်ထွန်းကားရေး လက်ဆင့်ကမ်း အမွေပေးပြီး တိုင်းရင်းဆေးပညာရှင်များသည် အနောက်တိုင်းဆေးဝါးဖြင့် ကုမရသည့် ရောဂါများကို ကုသနိုင်အောင် လေ့လာဆည်းပူးကြိုးပမ်းကာ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ကြိုးပမ်းစွမ်းဆောင်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ရင်းနှီးမြှုပ်နှံမှုအတွက် ကမ္ဘာ့အဆွဲဆောင်နိုင်ဆုံး ၂၅နိုင်ငံစာရင်း ကုလသမဂ္ဂက အစီရင်ခံစာထုတ်ပြန်၊ အာရပ်စော်ဘွားများနိုင်ငံပါဝင်

အဘူဒါဘီ ဒီဇင်ဘာ ၂၈

**ရင်းနှီးမြှုပ်နှံမှုအတွက် ကမ္ဘာ့ဆွဲဆောင်မှုအရှိဆုံး ၂၅နိုင်ငံအတွင်း အာရပ်စော်ဘွားများနိုင်ငံ(ယူအေအီး)ပါရှိကြောင်း နေ့စဉ်ထုတ်ပင်လယ်ကွေ့သတင်းစာက ၂၀၀၄ ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုအစီရင်ခံစာ(ဒဗလျူအိုင်အာရ်)ကို ကိုးကားလျက် တနင်္ဂနွေနေ့က သတင်းဖော်ပြလိုက်သည်။**

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကုလသမဂ္ဂညီလာခံက ထုတ်ပြန်သည့် အဆိုပါအစီရင်ခံစာ၌ ရင်းနှီးမြှုပ်နှံမှုအတွက် စုစုပေါင်း ကမ္ဘာ့နိုင်ငံ ၁၄၀ကပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း ဖော်ပြထားသည်။

ယူအေအီးနိုင်ငံ၏ ယှဉ်ပြိုင်တိုးတက်မှု အမှတ်အသားသည် ၅ဒသမ၂၁ရှိရာ အာရပ်ကမ္ဘာ၌ ထိပ်ဆုံးဖြစ်ပြီး ကမ္ဘာ့တစ်ဝန်း၌ အဆင့် ၁၆ရှိကြောင်း သိရသည်။

ယူအေအီးနိုင်ငံက ရင်းနှီးမြှုပ်နှံမှုအတွက် ဆွဲဆောင်မှု အကောင်းဆုံး ၂၅နိုင်ငံ၌ စာရင်းဝင်ရသည့် အကြောင်းအချက် အများအပြားတွင် နည်းပညာတိုးတက်မှု၊ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့၊ အထွေထွေစီးပွားရေး တည်ငြိမ်မှု၊ စီးပွားရေးကဏ္ဍများအတွင်း ယှဉ်ပြိုင်မှုအဆင့်နှင့် ပြည်တွင်းလုပ်ငန်းအခြေအနေတို့ ပါဝင်ခဲ့သည်။

မဟာစီးပွားရေးဝန်းကျင်၌ ယူအေအီးသည် ကမ္ဘာ့စာရင်းတွင် အဆင့် ၁၁နေရာ၌ ရှိကြောင်း အစီရင်ခံစာက ဖော်ပြခဲ့ပြီး နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအတွက် ဆွဲဆောင်မှုအကောင်းဆုံး အာရပ်နိုင်ငံများ စာရင်းတွင် ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(ဂျီစီစီ)ဝင် နိုင်ငံများဖြစ်သော ဆော်ဒီအာရေဗျ၊ ယူအေအီး၊ ကူဝိတ်၊ ကာတာ၊ ဘာရိန်းနှင့် အိုမန်နိုင်ငံတို့ ပါဝင်ကြောင်း အစီရင်ခံစာက ဖော်ပြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# တောင်အာရှမှ ငလျင်ဒဏ်ခံရသည့်နိုင်ငံများအား ဂျာမနီနိုင်ငံက အကူအညီပေးရန်ဆန္ဒရှိ

**ဘာလင် ဒီဇင်ဘာ ၂၇**

နှစ်၄၀အတွင်း တနင်္ဂနွေနေ့က လှုပ်ခဲ့သည့် အကြီးမားဆုံးငလျင်ကြီး၏ ဒဏ်ကို ခံခဲ့ရသော အာရှတောင်ပိုင်း နိုင်ငံများထံ ဂျာမနီနိုင်ငံက ဝမ်းနည်းကြောင်း သတင်းစကားပါးလိုက်ပြီး အကူအညီများပေးလိုကြောင်း ပြောကြားလိုက်သည်။

ဂျာမနီသမ္မတ ဟော့စ်ကိုချ်လာက ဂျာမနီပြည်သူများ အားလုံးကိုယ်စား မိမိအလွန်အမင်းကိုယ်ချင်းစာနာကြောင်းတောင်အာရှနိုင်ငံများ၏ခေါင်းဆောင်များထံသို့သဝဏ်လွှာ ပေးပို့ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ဒီလှိုင်းရိုက်ခတ်မှုကြောင့် ပျက်စီးသွားသော စားသောက်ဆိုင်အတွင်း မျောနေသောမွေ့ရာပေါ်၌ ရက် ၂၀သား ကလေးအသက်ရှင်ပြန်တွေ့

ကွာလာလမ်ပူ ဒီဇင်ဘာ ၂၉

**မလေးရှားနိုင်ငံမြောက်ပိုင်းတွင် ဒီလှိုင်းရိုက်ခတ်မှုကြောင့် ပျက်စီးသွားခဲ့သော မိဘများ၏ စားသောက်ဆိုင်အတွင်း၌ ရေပေါ်ပေါ်လော မျောနေသော မွေ့ရာပေါ်တွင် ရက် ၂၀သားအရွယ် မိန်းကလေးတစ်ဦးကို အသက်ရှင်လျက် ရှာဖွေတွေ့ ရှိခဲ့ရကြောင်း အင်္ဂါနေ့က ထုတ်ပြန်သည့် သတင်းများတွင် ဖော်ပြထားသည်။**

**မလေးရှားနိုင်ငံ၏ အပန်းဖြေဒေသ ပီနန်ကျွန်းတွင် ရေမလှိုင်းများ တနင်္ဂနွေနေ့က ပုတ်ခတ်ခဲ့ရာတွင် အဆိုပါ ကလေးငယ် အက်စ်တူလာဆီသည် စားသောက်ဆိုင်ရှိ အခန်းတစ်ခန်းအတွင်း၌ အိပ်ပျော်နေခဲ့သည်။ သူမ၏မိဘများကိုမူ လှိုင်းများက စားသောက်ဆိုင်ထဲမှ ဆွဲထုတ်ယူချသွားခဲ့သည်။ သို့ရာတွင် ၎င်းတို့သည် ကံကောင်းထောက်မစွာဖြင့် ပျက်စီးခဲ့သော ၎င်းတို့၏ စားသောက်ဆိုင်သို့ ပြန်ရောက်လာနိုင်ခဲ့ကြသည်။**

**ငါးပေအနက်ရှိသည့် ရေပေါ်တွင် မွေ့ရာမျောနေခဲ့ပြီး သမီးလေးမှာ ငိုကြွေးလျက်ရှိကြောင်း ဖခင်ဖြစ်သူ အေဆပ်ပီယာက ဘာနာမာက သတင်းဌာနသို့ ပြောကြားသည်။**

**ထိုသို့ ဆပ်ပီယာ၏မိသားစုမှာ ကံကောင်းခဲ့သော်လည်း ရေလုပ်သား ဇူကီဖလီမိုဒ်နူအာနှင့် သူ၏ဇနီးတို့မှာမူ ဒီလှိုင်းရိုက်ခတ်မှုကြောင့် ၎င်းတို့၏ ကလေးငါးဦးကို ဆုံးရှုံးခဲ့ရသည်။ မိသားစုသည် ဒီလှိုင်းမရိုက်မီ သောင်ပြင်၌ တင်ကျန်နေသော ငါးများကို လိုက်လံ ကောက်ယူနေခိုက် ဒီလှိုင်း၏ရိုက်ခတ်မှုခံခဲ့ရပြီး အသက်ဆုံးရှုံးခဲ့ကြရခြင်းဖြစ်ကြောင်း ဇူကီဖလီက ပြောကြားသည်။**အမ်အင်အေ၊အေပီ

## နိုင်ငံတကာ သတင်းများ

# ချိုင်းနားအိစ်တင်း လေကြောင်းလုပ်ငန်း ဘိုးရင်းလေယာဉ်ခြောက်စင်း ထပ်မံဝယ်ယူမည်

ရှန်ဟိုင်း ဒီဇင်ဘာ ၂၈

**ချိုင်းနားအိစ်တင်း လေကြောင်းလုပ်ငန်းအနေဖြင့် ပြီးခဲ့သည့် အောက်တိုဘာလတွင် အေ၃၃၀–၃၀၀ လေယာဉ် အစင်း၂၀ ဝယ်ယူရန် သဘောတူခဲ့ပြီးနောက် ကုမ္ပဏီအတွက် နောက်ထပ်လေယာဉ်အကြီးစားဖြစ်သည့် ဘိုးရင်း ၇၃၇–၇၀၀ လေယာဉ်ကြီးခြောက်စင်းအား ထပ်မံဝယ်ယူမည်ဖြစ်ကြောင်း ရှန်ဟိုင်းမြို့တွင် မကြာမီက ကြေညာခဲ့သည်။**

အဆိုပါဘိုးရင်း ၇၃၇–၇၀၀ လေယာဉ်ခြောက်စင်းကို လာမည့်၂၀၀၆ခုနှစ် ဇန်နဝါရီတွင် စတင်လွှဲပြောင်းလက်ခံရရှိမည်ဖြစ်ပြီး ၎င်းဘိုးရင်းလေယာဉ်များအတွက် ကုန်ကျငွေမှာ ယွမ်နှစ်ဘီလီယံ(အမေရိကန်ဒေါ်လာ ၂၄၁ ဒသမ ၅သန်း)ရှိမည်ဖြစ်ကြောင်း ဘိုးရင်းကုမ္ပဏီနှင့် ချိုင်းနားအိစ်တင်း လေကြောင်းလုပ်ငန်းတို့ သဘောတူ လက်မှတ်ရေးထိုးပြီးနောက် ထွက်ပေါ်လာသည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ချိုင်းနားအိစ်တင်းလေကြောင်းလုပ်ငန်းတွင် ဘိုးရင်း ၇၃၇–၃၀၀၊ ၇၃၇– ၇၀၀နှင့် ၇၃၇–၈၀၀ ဂျက်လေယာဉ်များ အပါအဝင် ယခုအခါ ဘိုးရင်းလေယာဉ် စုစုပေါင်း ၄၂ စင်း ပြေးဆွဲပျံသန်းလျက်ရှိကြောင်း အဆိုပါကုမ္ပဏီကပြောကြားသည်။ ချိုင်းနားအိစ်တင်းလေကြောင်းလုပ်ငန်းအနေဖြင့် ၂၀၀၅ခုနှစ်ကုန်တွင် ဘိုးရင်းလေယာဉ် ၁၃စင်းထပ်မံရရှိခဲ့ ပါက စုစုပေါင်းဘိုးရင်းလေယာဉ် ၅၅စင်း ဖြစ်လာမည်ဖြစ်ကြောင်း တရုတ်နိုင်ငံပိုင် အဆိုပါလေကြောင်းလုပ်ငန်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ် အုန်းမြင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ မွန်ပြည်နယ်အတွင်းကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၂၉

**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်အုန်းမြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ၂၅ရက်တွင် မွန်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် တွေ့ဆုံသည်။**

ထို့နောက် ပြည်နယ် အတွင်းရေးမှူးက လိုအပ်ချက်များတင်ပြရာ ဗဟိုအလုပ်အမှုဆောင်က လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး နိုင်ငံတော် ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်(၇)ရပ် အောင်မြင်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးတို့အား တက်တက်ကြွကြွ ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

## ဆွေးနွေးမှာကြား

ဒီဇင်ဘာ၂၆ရက်တွင် စက်မှုဇုန်တာဝန်ခံ ဗိုလ်မှူးချုပ်အုန်းမြင့်သည် Ever Flow River ရော်ဘာစက်ရုံ ဖွင့်ပွဲသို့ တက်ရောက်ပြီး စက်မှုဇုန်ကြီးကြပ်ရေးအဖွဲ့များနှင့် တွေ့ဆုံ၍ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြားသည်။

ဒီဇင်ဘာ၂၇ရက် နံနက်ပိုင်းတွင် ဗဟိုအလုပ်အမှုဆောင်သည် မုဒုံမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြုလုပ်သော အခြေခံ စည်းရုံးရေး သင်တန်းအမှတ်စဉ်(၉) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။ ထို့နောက် သွေးလှူရှင် ဂုဏ်ပြုပွဲအတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

## ညှိနှိုင်းဖြည့်ဆည်း

ဆက်လက်၍ ဝဲကလိကျေးရွာသို့ သွားရောက်ပြီး မူလတန်းကျောင်း၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံရာတွင် ကျေးရွာလူထုမှ ကျေးရွာ ဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေးများအတွက် လိုအပ်ချက်များတင်ပြကြရာ ဗဟိုအလုပ်အမှုဆောင်က ကျေးရွာအတွက်လိုအပ်ချက်များ ကူညီပံ့ပိုးပေးသည်။ ထို့နောက် အမှာစကားပြောကြားရာတွင် နိုင်ငံတော် ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် အရှိန်အဟုန်မြှင့်ပြီး ကျေးရွာလူထုမှ တက်တက်ကြွကြွ ပူးပေါင်းပါဝင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဆောင်ရွက်ကြရန် မှာကြားပြီး ဝဲကလိကျောင်းနှင့် ကမာဒဂုတ်ကျောင်း အတွက် အလှူငွေများ ပေးအပ်ပြီး ကျေးရွာချင်းဆက် ချောင်းကူးတံတား တည်ဆောက်ရန်နေရာအား ကြည့်ရှုပြီး တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းခဲ့သည်။

## သင်တန်းဆင်းလက်မှတ်ပေး

ဒီဇင်ဘာ၂၈ရက် နံနက်ပိုင်းတွင် ဗဟိုအလုပ်အမှုဆောင်သည်မော်လမြိုင်ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော မြန်မာ့ဖွံ့ဖြိုးရေး လေ့လာမှုသင်တန်း အမှတ်စဉ်(၂/၂၀၀၄)သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာ စကားပြောကြားပြီး သင်တန်းဆင်း လက်မှတ်များအား ပြည်နယ်အတွင်း ရေးမှူးက ပေးအပ်သည်။ **(သတင်းစဉ်)**

## (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(၁) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး အတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ စုစည်းလက်တွဲပူးပေါင်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ရေး။

(၃) နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး အတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ် စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

(၄) စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်ရေး အတွက် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင် အထည်ဖော် ဆောင်ရွက်ရေး။




## အလေးပြုဖို့ ချီတက်စို့

※ နိုင်ငံတော် ဘေးမသန်း
အေးချမ်းလို့ သာယာ
ဖွံ့ဖြိုးအောင် ပြည်ချစ်သားတို့
ကြိုးစားခဲ့ပါ။
ကြည့်လိုက်ပ့ါ ပြည်မြန်မာ
စည်သာတဲ့ ရှုခင်း။
လမ်းတံတား အဖုံဖုံနဲ့
ပန်းများ အငုံငုံနဲ့
နေအရုဏ် ရွှေမှုန်လှစ်တယ်
ဒို့ခေတ် မြင်ကွင်း။

※ တာတမံ ဆည်မြောင်းနဲ့
ကန်ချောင်းတို့ ပြည့်လျှံကြည်။
မိုးခေါင်စေ ရေမရှားအောင်
အားဖြည့်ခဲ့ပြီ။
ပုထိုး ဘုရား စေတီ
မွေသရီ ရွှေရည်ဖိတ်။
အမျိုးဘာသာနဲ့
သာသနာ အရောင်လင်းပါလို့
ကမ္ဘာမှာ အခေါင်ချဉ်းစေဖို့
ဆောင်နှင်းကာ အားသွန်မပြတ်တယ်
မွန်မြတ်တဲ့စိတ်။

※ သွေးချင်းတွေ လာကြကွဲ့
သားချင်းတွေ လာကြကွဲ့
ထာဝရ တွဲလက်ညီ
ကိုယ့်တိုင်းပြည် ကိုယ့်အင်အား
ကိုးစားယုံကြည်
လွတ်လပ်ရေး ကျောက်တိုင်ဆီ
သွားမည်ကွဲ့ မနေ့း။

※ "ပြည်ထောင်စု မပြိုကွဲရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး"
အရေးသုံးပါး အခြေတည်မှ
ဒို့ရွှေပြည် ဘေးမသန်းပါပဲ
အေးချမ်းစွာ ဘက်စုံတိုးမယ်လို့
မြတ်နိုးဖွယ် အတွေးစုနဲ့
အလေးပြုစို့လေး။ ။

စိုးမိုး (ပုသိမ်)

## ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု နည်းပညာဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၂၉

ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု နည်းပညာဆွေးနွေးပွဲကို ဒီဇင်ဘာ၁၄ ရက်က မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ကော်ဖီသုတေသနနှင့် နည်းပညာ ပြန့်ပွားရေးဗဟိုဌာန ပြင်ဦးလွင်မြို့တွင် ကျင်းပခဲ့ရာ မြန်မာကော်ဖီ ပညာရှင်များ အပါအဝင် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့မှ ကော်ဖီပညာရှင်များပါဝင် ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းမှ ဝန်ထမ်း ၁၆ဦးနှင့် စိတ်ပါဝင်စားသော ကော်ဖီ ပုဂ္ဂလိကလုပ်ငန်းရှင်၅၀ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(ယာပုံ)** (သတင်းစဉ်)

## ကလေးပြုစုရေးဌာနများသို့ နို့မှုန့်များလှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၂၉

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ် အမှုဆောင် အဖွဲ့ဝင်များသည် လူမှု ဝန်ထမ်းဦးစီးဌာန အောက်ရှိ ထောက်ကြန့်နှင့် ရွှေဂုံတိုင် ကလေးပြုစုရေး ဌာနများသို့ နို့မှုန့် ဂရမ်၄၀၀ပါဝင်သော SIMILAC နို့မှုန့်များကို ကလေး ပြုစုရေးဌာနတစ်ခုလျှင် ၃၆ ဘူးနှုန်း ဖြင့် ယနေ့သွားရောက်လှူဒါန်းကြ သည်။

အဆိုပါ နို့မှုန့်များကို ကလေး ပြုစုရေးဌာနများရှိ မွေးစမှ ငါးနှစ် အရွယ် မိဘမဲ့ကလေးများ အာဟာရ ဖြည့်တင်းရေးအတွက် ရည်ရွယ်၍ လှူဒါန်းကြောင်း သိရသည်။

**(သတင်းစဉ်)**



**ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။**

**၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်( ၁၀၉၉၄ )တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

**ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။**

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

● **ရှေ့ဖုံးမှ**

မုန်းချောင်းရေလှောင်တမံဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မင်းဘူးခရိုင်နှင့် စေတုတ္တရာမြို့နယ်၊ စလင်းမြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈)နှင့် ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၁) တည်ဆောက်ရေးတို့မှ တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ CITIC Technology Co., Ltd. ဥက္ကဋ္ဌ Mr. Sun Xigo Wan နှင့်တာဝန်ရှိသူများ၊ မကွေးတိုင်းမှ တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မင်းဘူးခရိုင်နှင့် စေတုတ္တရာမြို့နယ်၊ စလင်းမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မကွေးတိုင်း အနောက်ဘက်ခြမ်းဒေသများ အမြန်ဖွံ့ဖြိုးတိုးတက်လာစေရန် လက်တွေ့ကျသည့် ဖွံ့ဖြိုးရေးအစီအမံများချမှတ်ပေးပြီး အခြေခံလိုအပ်ချက်များကို တစ်ခုပြီးတစ်ခု အမြန်တည်ဆောက် အကောင်အထည်ဖော်စေခဲ့ကြောင်း။

**တစ်ဆက်တစ်စပ်တည်း**

ဒေသအတွင်း ရာသီမရွေး သွားလာနိုင်အောင် ချောင်းကူးတံတားများဖြစ်သည့် ယောချောင်းတံတား၊ မန်းချောင်းတံတား၊ နွယ်တမယ်(စလင်း)တံတား၊ မုန်းချောင်းတံတားများကို တစ်စင်းပြီးတစ်စင်း တည်ဆောက်ပေးခဲ့သကဲ့သို့ ဧရာဝတီမြစ်ကူးတံတားကြီးဖြစ်သည့် အနော်ရထာတံတားနှင့် မကွေးတံတားတို့ကို တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်သည့်အတွက် ဧရာဝတီအနောက်ဘက်ကမ်းနှင့် အရှေ့ဘက်ကမ်းဒေသများသည် ရေခြားမြေခြား မနေတော့ဘဲ တစ်ဆက်တစ်စပ်တည်းဖြစ်လာနေသည်ကို ယနေ့ပြည်သူများ ခံစားနေရသည့် လက်တွေ့ဘဝပင်ဖြစ်ကြောင်း။ ***စာမျက်နှာ ၅ ကော်လံ ၁ သို့***



**နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မုန်းချောင်းဘက်စုံရေလှောင်တမံဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)



# တိုင်းပြည်၏လျှပ်စစ်ဓာတ်အားသုံးစွဲမှု နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်လျက်ရှိ ရန်ကုန်မြို့ တစ်ခုတည်း၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှု မဂ္ဂါဝပ် ၁၃၀ မှ မဂ္ဂါဝပ် ၄၅၀ ခန့်အထိ မြင့်မားလာ





**စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။**
(သတင်းစဉ်)

**မုန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။**
(သတင်းစဉ်)

ကျောင်းသူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ဂုဏ်ယူရကျိုးနပ်**

အခမ်းအနားတွင် နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာ၌ ယနေ့အခမ်းအနားသည် မကွေးတိုင်း၏ အနောက်ဘက်ခြမ်းနှင့် မကွေးတိုင်းတစ်ခုလုံးအတွက်သာမက နိုင်ငံတော်၏ အကျိုးစီးပွားအတွက်ပါ အရေးပါသည့် မုန်းချောင်းဘက်စုံရေလှောင်တမံဖွင့်ပွဲ အခမ်းအနား၊ တိုင်းပြည်အတွက် ကျက်သရေမင်္ဂလာရှိသော အခမ်းအနားဖြစ်သည့်အတွက် မိမိတို့အားလုံး ယခုကဲ့သို့ အားထုတ်စုစည်းဂုဏ်ယူရကျိုးနပ်ပါကြောင်း။

မကွေးတိုင်းအနောက်ခြမ်း၌ မုန်းချောင်း၊ စလင်းချောင်း၊ မန်းချောင်း၊ ယောချောင်းစသည့် ချောင်းများသည် ဧရာဝတီမြစ်အတွင်း တိုက်ရိုက်စီးဝင်သည့် ရေစီးအားကောင်းသော ချောင်းကြီးများဖြစ်ကြောင်း၊ ဤချောင်းကြီးများ၏ အတားအဆီးကြောင့် မင်းဘူး၊ စကု၊ စလင်း၊ ပွင့်ဖြူ၊ ငဖဲ၊ စေတုတ္တရာ၊ ဆိပ်ဖြူ၊ ပခုက္ကူစသည့် ဒေသများသည် ဒေသတွင်းအပြန်အလှန် ဆက်သွယ်သွားလာရန် ခက်ခဲခဲ့သကဲ့သို့ ဧရာဝတီမြစ်ကိုဖြတ်ပြီး အရှေ့ဘက်ကမ်းကို ကူးသန်းသွားလာရန်လည်းမလွယ်ကူခဲ့ကြောင်းကို ဒေသခံပြည်သူများအနေဖြင့် ကိုယ်တိုင်ခံစားသိရှိကြပြီး ဖြစ်ကြောင်း၊ ချောင်းရေကြီး၍ ကူးသန်းသွားလာ၍မရသည့် အခက်အခဲများ၊ တစ်ခါတစ်ရံချောင်းရေကြီးမှုဒဏ်ကိုပြင်းပြင်းထန်ထန်ခံစားခဲ့ကြရသည်များသည် ဤနယ်မြေဒေသအတွက် မမေ့နိုင်လောက်သည့် ဖြစ်ရပ်များပင်ဖြစ်ကြောင်း။



# တစ်နိုင်ငံလုံးရှိ မြစ်များ၊ ချောင်းများ၏ နှစ်စဉ်ရေစီးဆင်းမှုပမာဏကေပေ ၈၇၆ သန်းကျော်ရှိ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သောနေရာပေါင်း ၂၆၈ခု၊ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၄၀၀၀၀ခန့်ထုတ်လုပ်နိုင်



**နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မုန်းချောင်း ရေအားလျှပ်စစ်ဓာတ်အားစက်ရုံရှိ တာဘိုင်ဂျင်နရေတာကို ကွန်ပျူတာ ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။**

(သတင်းစဉ်)

*စာမျက်နှာ ၄မှ*

တစ်ဖက်မှ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်နေရင်း မုန်း၊ မန်း၊ စလင်းနှင့် ယောချောင်းတို့၏ ရေစီးရေလာ အနေအထားကို လေ့လာသုံးသပ်ပြီး ချောင်းများ၏သဘာဝ ရေသယံဇာတကို ထိန်းချုပ်အသုံးချနိုင်ရန်အတွက် ရေလှောင်တမံများနှင့် ရေလွှဲဆည်များကို တစ်ခုပြီးတစ်ခု လိုအပ်သလိုတည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၈၈ခုနှစ်တွင် မန်းချောင်းရေလှောင်တမံ၊ ၂၀၀၁ခုနှစ်တွင် စလင်းရေလှောင်တမံတို့ကို တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ ယောချောင်း၌လည်း ဒေသမြေပြင် အနေအထားအရ ရေလွှဲဆည်အဆင့်ဆင့် တည်ဆောက်ပေးခဲ့ပြီး ဖြစ်ကြောင်း။

## ရေပေးဝေနိုင်

မန်းချောင်း၊ စလင်းချောင်းနှင့် ယောချောင်းတို့ကို ယခုကဲ့သို့ ထိန်းသိမ်းအသုံးပြုနိုင်အောင် ကြိုးစားခဲ့သလို မုန်းချောင်းကိုလည်း ထိန်းချုပ်ပြီးလူသားများ၏ အကျိုးစီးပွားအတွက် ဘက်စုံအသုံးချနိုင်အောင် မုန်းချောင်းဘက်စုံ ရေလှောင်တမံကြီးကို အချိန်ယူတည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယခုဆိုလျှင် မုန်းချောင်းမှရေကို တိုးချဲ့သိုလှောင်ထိန်းသိမ်းပြီး မဲဇလီရေလွှဲဆည်၏ ရေသောက်စနစ်အတိုင်း စိုက်ပျိုးရေကို ရာသီမရွေး တိုးချဲ့စတင်ပေးနိုင်ပြီဖြစ်ကြောင်း၊ စိုက်ပျိုးမြေဧရိယာ ဧကတစ်သိန်းကျော်သည် စိုက်ပျိုးရေ အပြည့်အဝရရှိတော့မည်ဖြစ်ကြောင်း၊ ရှေးယခင်က မဲဇလီရေလွှဲဆည်အနေဖြင့် မုန်းချောင်းရေကို အလိုက်သင့်သာ ထိန်းချုပ်ထားနိုင်သည့်အတွက် မြောက်မုန်းနှင့် တောင်မုန်းမြောင်းတို့မှတစ်ဆင့် အလှည့်ကျသာ ရေပေးဝေနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

မှတ်တမ်းများအရ နှစ်စဉ်ပျမ်းမျှဧက ၃၀၀၀၀ ခန့်ကိုသာ ရေပေးဝေနိုင်ကြောင်း စိစစ်တွေ့ရှိရကြောင်း၊ ယခုဆိုလျှင် မုန်းချောင်းရေလှောင်တမံကြီး တည်ဆောက်ပြီး ချောင်းပိတ်လိုက်သည့်အတွက် ဆည်ရေသောက်ဧရိယာမှာ သုံးဆကျော်ခန့်အထိ တိုးတက်သွားပြီဖြစ်ကြောင်း။

## ဝင်ငွေတိုးပွားလာနေပြီ

ပူပြင်းခြောက်သွေ့ပြီး ရေရှားပါးသည့် ပွင့်ဖြူလွင်ပြင်သည် ယခုအခါ၌ မုန်းရေလှောင်တမံ၏ အကျိုးပြုမှုကြောင့် ဆည်ရေသောက်ဧရိယာဧက ယခုကဲ့သို့ တိုးတက်လာသကဲ့သို့ မန်းနှင့်စလင်းရေလှောင်တမံများကြောင့် စလင်းလွင်ပြင်နှင့် မင်းဘူး(စကု)လွင်ပြင်တို့မှာလည်း ဆည်ရေသောက်ဧရိယာ တိုးတက်လာခဲ့ပြီးဖြစ်ကြောင်း၊ တစ်မိုးတစ်သီး သေချာလာရုံသာမက နှစ်သီးစားအဖြစ်ပါ ကူးပြောင်းနေပြီး ဒေသခံတောင်သူလယ်သမားများ၏ဝင်ငွေ တိုးပွားလာနေပြီဖြစ်ကြောင်း။

ဤကဲ့သို့ မကွေးတိုင်းအနောက်ဘက်ခြမ်းဒေသ၏ ရေ၊ မြေ သဘာဝကို အကျိုးရှိရှိ ဖော်ထုတ်အသုံးချနိုင်သည့် နေရာ၌ ယခုမုန်းချောင်းဘက်စုံ ရေလှောင်တမံတွင် ရေအားလျှပ်စစ်စီမံကိန်း ထည့်သွင်းတည်ဆောက်နိုင်ခြင်းသည် ကြီးမားသည့်ပြည်သူ့အကျိုးပြု အောင်ပွဲပင်ဖြစ်ကြောင်း။

နိုင်ငံတော်၌ ပြောင်းလဲကျင့်သုံးနေသည့် ဈေးကွက်စီးပွားရေးစနစ်အရ လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားမှုများကို ခွင့်ပြုပေးထားသည်နှင့်အမျှ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏ ကုန်ထုတ်လုပ်မှုစွမ်းအားသည် တစ်စထက်တစ်စ မြင့်မားလာသည့်အပြင် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းလာပြီး ခေတ်မီလယ်ယာသုံး စက်ကိရိယာများကို တိုးချဲ့သုံးစွဲလာနေပြီဖြစ်ကြောင်း၊ တစ်ပြိုင်တည်းမှာပင် ပုဂ္ဂလိကစက်ရုံအလုပ်ရုံအသစ်များ၊ နိုင်ငံပိုင်စက်ရုံကြီးများ တိုးချဲ့ဖြစ်ပေါ်လာပြီး စက်မှုကဏ္ဍ၏ တိုးတက်မှုအရှိန်မြင့်မားလာသည့်အပြင် မြို့ပြဒေသများတိုးချဲ့ဖြစ်ပေါ်နေသကဲ့သို့ ပြည်သူများ၏ လူနေမှုအဆင့်အတန်းမှာလည်း အရှိန်အဟုန်ဖြင့် တိုးတက်လာပြီး လျှပ်စစ်သုံးစွဲမှု ပမာဏသည် တိုးတက်များပြားလာလျက်ရှိကြောင်း။

ထို့ကြောင့် တိုင်းပြည်၏လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် အကြမ်းဖျင်းအားဖြင့် နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်လျက်ရှိသည်ဟု တွက်ချက်ရရှိနေကြောင်း၊ ရန်ကုန်မြို့တော်တစ်ခုတည်း၏ ဓာတ်အားသုံးစွဲမှုကိုကြည့်မည်ဆိုလျှင် လွန်ခဲ့သည့် ၁၅ နှစ်ခန့်အတွင်း မဂ္ဂါဝပ် ၁၃၀ ခန့်သုံးစွဲရာမှ မဂ္ဂါဝပ် ၄၅၀ ခန့်အထိ တိုးတက်မြင့်မားလာသည်ကို တွေ့ရှိနေရကြောင်း။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် နိုင်ငံတော်၏ ပေါကြွယ်ဝသည့် ရေအရင်းအမြစ်များကို အခြေခံပြီး လက်ရှိငါးနှစ်စီမံကိန်းကာလအတွင်းမှာပင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀၀ ထပ်မံတိုးချဲ့ထူထောင်သွားရန် လမ်းညွှန်ထားပြီးဖြစ်သည်နှင့်အညီ တစ်ဆက်တည်း အကောင်အထည်ဖော်လျက်ရှိကြောင်း။

တစ်ချိန်တည်းမှာပင် လျှပ်စစ် စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်းများကို နိုင်ငံတော် အဆင့်ကဦးစီးပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနအားလုံး၏ ပေါင်းစုအင်အားကို ရယူနိုင်ရန်အတွက် နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေး စီမံကိန်းဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်ကြောင်း။

## ထုတ်လုပ်နိုင်မည်

တစ်နိုင်ငံလုံးရှိ မြစ်များ၊ ချောင်းများ၏ နှစ်စဉ် ရေစီးဆင်းမှုပမာဏသည် ဧကပေ ၈၇၆သန်းကျော်ရှိသည့်အနက် ကျွမ်းကျင်သူများ၏လေ့လာတိုင်းတာမှုအရ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သော ရေအရင်းအမြစ် နေရာပေါင်း ၂၆၈ခု၊ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၄၀၀၀၀နီးပါးခန့် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း။

ယခုမုန်းချောင်းဘက်စုံစီမံကိန်းသည် နိုင်ငံတော်တစ်ရပ်လုံးနှင့်အကျုံးဝင်သည့် မဟာဓာတ်အားလိုင်းစနစ်စီမံကိန်းဝင် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ဒေသအတွက်ရော နိုင်ငံအတွက်ပါ အကျိုးပြုသည့် တိုင်းကျိုးပြည်ပြု စီမံကိန်းကြီးဖြစ်သည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမြေဧကတစ်သိန်းကျော်ကို ရေပေးနိုင်သည့်အပြင် ရေအားလျှပ်စစ် ဓာတ်အားထုတ်လုပ်နိုင်ခြင်း၊ ဒေသကို ချောင်းရေကြီးမှု ဘေးအန္တရာယ်မှ ကာကွယ်နိုင်ခြင်း၊ ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုခြင်းစသည့် အကျိုးသက်ရောက်မှုများသည် သားစဉ်မြေးဆက်အထိ ရေရှည်ခံစားသွားရမည် ဖြစ်ကြောင်း။

## စတင်အကောင်အထည်ဖော်နေပြီ

မုန်းချောင်းရေစီးအားကို ပိုမိုထိရောက်စွာ တိုးချဲ့အသုံးပြုနိုင်ရန်အတွက် လေ့လာတိုင်းတာမှုများအရ မုန်းချောင်းအထက်ပိုင်း၌ ဖူးရွာရေအားလျှပ်စစ်စီမံကိန်းနှင့် မုန်းချောင်းအောက်ပိုင်း၌ ကြီးအုံ–ကြီးဝစီမံကိန်း ဆိုပြီး စီမံကိန်းအသစ်နှစ်ခု ဖော်ထုတ်ရရှိသည့်အတွက် ဤစီမံကိန်းများကို ယခုစတင်အကောင်အထည်ဖော်နေပြီ ဖြစ်ကြောင်း။

ထို့ကြောင့် မုန်းချောင်းတစ်လျှောက်၌ မကြာမီနှစ်ပိုင်းအတွင်း မုန်းအပြင် ကြီးအုံ–ကြီးဝနှင့် ဖူးစီမံကိန်းနှစ်ခုက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၂၀ခန့်ကို တိုးချဲ့ ထုတ်လုပ်ပေးနိုင်တော့မည်ဖြစ်ကြောင်း၊ ခြုံလိုက်လျှင် မုန်းချောင်း တစ်လျှောက်၌ ရေလှောင်တမံ အဆင့်ဆင့်နှင့် ရေအားလျှပ်စစ်စက်ရုံတို့ဖြင့် စိုက်ပျိုးရေးအတွက်လိုအပ်သော ရေကို သေချာလုံလောက်စွာပေးနိုင်သည့်အပြင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀ နီးပါးခန့် ထုတ်လုပ်ဖြန့်ဖြူးနိုင်တော့မည် ဖြစ်ကြောင်း။

အလားတူပင် တိုင်းပြည်၏ အခြားတန်ဖိုးကြီးမားလှသော ရေ၊ မြေ၊ သယံဇာတများကို သဘာဝအတိုင်း မထားဘဲ အကျိုးရှိရှိ အသုံးပြုနိုင်အောင် ပြုပြင်ဖန်တီးဖော်ထုတ်လျက် ရှိရာ၌ ယခုအခါ နိုင်ငံတော် တစ်ဝန်းလုံးတွင် ဆည်မြောင်းတမံလုပ်ငန်းပေါင်း ၁၆၉ခုနှင့် ရေအားလျှပ်စစ် စက်ရုံပေါင်း ၃၀ တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ကြောင်း။

## ပေါင်းစပ်တီထွင်ကြံဆလုပ်ကိုင်

နိုင်ငံတော်သည် ဤကဲ့သို့ ဆည်မြောင်းတမံများ၊ ရေအားလျှပ်စစ်စက်ရုံများ၊ လမ်းများ၊ တံတားများစသည့် တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် အမှန်လိုအပ်သော အခြေခံကောင်းများကို ကြိုးစားပမ်းစားတည်ဆောက်လျက်ရှိရာ၌ မိမိတို့၏ ခနငွေကြေးအင်အားကို ချင့်ချိန်တွက်ဆခွဲဝေပြီး ထူးချွန်ထက်မြက်မှုအခြေခံရှိပြီးဖြစ်သည့် မိမိတို့အင်ဂျင်နီယာများ၏ အတတ်ပညာစွမ်းပကား၊ ဉာဏ်ရည်ဉာဏ်သွေးများနှင့် ပေါင်းစပ်တီထွင်ကြံဆလုပ်ကိုင်နေရခြင်းဖြစ်ကြောင်း။

ဖွဲ့ လုံ့လ ဝီရိယ၊ တီထွင်ကြံဆမှု၊ စွန့်လွှတ်မှု၊ အနစ်နာခံမှုတို့ကို အရင်းတည်ပြီး နိုင်ငံတော်ခေတ်မီဖွံ့ဖြိုး တိုးတက်ရေး၊ ဒေသတစ်ခုနှင့်တစ်ခုအကြား ဆူကြံနိမ့်မြင့်ကွာဟမှုများ လျော့နည်းကျဆင်းပြီး ဒေသအားလုံး မျှမျှတတ တစ်ပြိုင်တည်းဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှုလျော့နည်းကျဆင်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မြဲရေး၊ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ရေး စသည့် အမျိုးသားရေး ရည်မှန်းချက်များအတွက် မခိုမကပ်၊ မညာစတမ်း အလုပ်လုပ်နေရခြင်းဖြစ်ကြောင်း။

ထို့ကြောင့် မကွေးတိုင်းပြည်သူများ အပိုင်းကလည်း နိုင်ငံတော်၏ မွန်မြတ်သည့် စေတနာနှင့် မြင့်မားသည့် ရည်မှန်းချက်များကို နားလည်သဘောပေါက်ပြီး နိုင်ငံတော်အပေါ် မိမိတို့၏ လုပ်အား၊ စွမ်းအား၊ ဝီရိယအား၊ စေတနာအားတို့ဖြင့် ပေါင်းစပ်တုံ့ပြန်ရန် အမှန်တကယ်အလုပ်လုပ်ပြီး တုံ့ပြန်ရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့အထိ နိုင်ငံတော်၌ ရရှိနေသည့် တိုးတက်အောင်မြင်မှု အသီးအပွင့်များသည် နိုင်ငံတော်နှင့် ပြည်သူ တက်ညီလက်ညီ ပူးပေါင်းလုပ်ကိုင်နိုင်ခဲ့၍ပင် ဖြစ်ကြောင်း၊ ရှေ့ဆက်၍လည်း ဤကဲ့သို့ ဦးထမ်းပဲ့ထမ်း တက်ညီလက်ညီ ဟန်ချက်ညီညီ လုပ်ကိုင်ဆောင်ရွက်သွားရမည့် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းစဉ်များသည်လည်း များစွာရှိနေဆဲဖြစ်ကြောင်း။

နိုင်ငံတော်ကို စစ်မှန်သည့် ဒီမိုကရေစီ နိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းရေးအတွက် ချမှတ်ထားသည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို တိုင်းရင်းသား ပြည်သူအားလုံး၏ နီးကြားသော ပူးပေါင်းမှုစွမ်းအားနှင့် တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်အကောင်အထည် ဖော်သွားကြရမည် ဖြစ်ကြောင်း။

## ကြိုဆိုဂုဏ်ပြု

နိဂုံးချုပ်ပြောကြားလိုသည်မှာ နိုင်ငံတော်၏ ဦးစီးဦးဆောင်မှုနှင့် မကွေးတိုင်းဒေသခံပြည်သူများ၏ ပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုများကြောင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး စီမံကိန်းသည် ယနေ့မကွေးတိုင်းအတွင်း၌ အမှန်တကယ် ထိရောက်အောင်မြင်နေသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းအဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်သော သာဓကရှိပြီးဖြစ်ကြောင်း၊ ဤကောင်းမြတ်သည့် အစဉ်အလာသာဓကကို စံထားပြီး နိုင်ငံတော် ရှေ့ဆက်သွားရမည့် တိုင်းကျိုးပြည်ပြု လုပ်ငန်းများကိုလည်း နိုင်ငံတော်၊ ပြည်သူနှင့် နိုင်ငံ့ဝန်ထမ်းများသည် အပြန်အလှန် နားလည်မှုရှိရှိ စေတနာ အရင်းခံပြီး တက်ညီလက်ညီ ပူးပေါင်းအကောင်အထည်ဖော်သွားကြပါစို့ဟု တိုက်တွန်းရင်း မုန်းချောင်းဘက်စုံစီမံကိန်းကြီးကို ပြည်သူများနှင့်အတူ ဝမ်းသာလှိုက်လှဲစွာ ကြိုဆိုဂုဏ်ပြုလိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာ၌ နိုင်ငံ၏ လယ်ယာစီးပွားရေး လုပ်ငန်းတွင် အဓိကသီးနှံများဖြစ်သည့် ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက် သီးနှံ မြေပဲ၊ နှမ်း၊နေကြာ၊ ဝါ၊ကြံ၊ အစေ့ထုတ်ပြောင်း သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုအတွက် မကွေးတိုင်းသည် အားထားရသည့် တိုင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်အောင်အပြင် လျှပ်စစ်ဓာတ်အားပါထုတ်လုပ်

*စာမျက်နှာ ၆ ကော်လံ ၁*

*စာမျက်နှာ ၅မှ*

ဖြည့်ဆည်းပေးနိုင်မည့် ဘက်စုံရေလှောင်တမံကြီး ထပ်မံပေါ်ထွက်လာသဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဝမ်းသာကြည်နူး ရသကဲ့သို့ ဒေသခံပြည်သူများအနေဖြင့်လည်း ပီတိသုခ ခံစားကြရလိမ့်မည်ဟု ယုံကြည်ကြောင်း။

## ရည်ရွယ်ဆောင်ရွက်

နိုင်ငံတော်၏ စီးပွားရေးတွင် အချိုးအစားကြီးမားပြီး တိုင်းပြည်၏လူဦးရေ အများစု အသက်မွေးဝမ်းကျောင်းအတွက် အမှီပြုနေရသည့် လယ်ယာစီးပွားရေး လုပ်ငန်းကြီး တိုးတက်ဖွံ့ဖြိုးလာရန် ယခုကဲ့သို့ မြေသယံဇာတများ တိုးချဲ့ စိုက်ပျိုးနိုင်အောင်၊ ရေသယံဇာတများ တိုးမြှင့်သုံးစွဲနိုင်အောင် စီမံမှုများနှင့် အတူ လယ်ယာလုပ်ငန်း၌ စက်ကိရိယာများတိုးမြှင့်သုံးစွဲလုပ်ကိုင်နိုင်အောင်၊ တိုးတက်နေသည့် စိုက်ပျိုးရေးနည်းပညာများ ပိုမိုအသုံးချနိုင်အောင်၊ သီးနှံ စိုက်ပျိုးမှုတိုးတက်ရေးအတွက် အထွက်ကောင်းမျိုးနှင့် ပံ့ပိုးပစ္စည်းများ တိုးတက်သုံးစွဲနိုင်အောင် အဘက်ဘက်က ဖြည့်ဆည်း ဆောင်ရွက်နေကြောင်း၊ ဤကဲ့သို့ ဆောင်ရွက်လုပ်ကိုင်နေသည်မှာ စိုက်ပျိုးထုတ်လုပ်သူ တောင်သူ လယ်သမားကြီးများ၏ စီးပွားရေးဘဝမြင့်မားလာပြီး နိုင်ငံတော်တိုးတက် ဖွံ့ဖြိုးလာစေရေးအတွက် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ထို့ကြောင့် တောင်သူလယ်သမားများ အပိုင်းကလည်း သီးနှံအလိုက် ပန်းတိုင် အထွက်နှုန်းရရှိရေး၊ မျိုးကောင်း မျိုးသန့်သုံးစွဲရေး၊ အလေအလွင့် နည်းပါးရေးတို့ကို အလေးထားပြီး ကုန်ထုတ်လုပ်မှု တိုးတက်အောင် ကြိုးပမ်း ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် က အမှာစကားပြောကြားရာ၌ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ စသည်ဖြင့် ဘက်စုံတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရာတွင် လျှပ်စစ်စွမ်းအား အပါအဝင် စွမ်းအင်ကဏ္ဍသည် မရှိမဖြစ် အရေးပါလျက်ရှိကြောင်း၊ တိုင်းပြည်၏ စီးပွားရေးတိုးတက်လာမှုနှင့်အတူ ပြည်သူများ၏ လူနေမှုအဆင့် အတန်းလည်း ပြောင်းလဲတိုးတက်လာသည့်အတွက် လျှပ်စစ်ဓာတ်အား သုံးစွဲမှုသည် နှစ်စဉ်အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်ဖွံ့ဖြိုးတိုး တက်ရေးတွင် မရှိမဖြစ်လိုအပ်သည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာ၌ နိုင်ငံတော်အတွင်း ပေါကြွယ်ဝသည့် သဘာဝရေအရင်းအမြစ်များကို အခြေခံ လျက် နှစ်တို၊ နှစ်ရှည်စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက် သွားရန်လမ်းညွှန်ခဲ့ကြောင်း။

## ကြိုးပမ်းဆောင်ရွက်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အနှစ်(၃၀) နှစ်ရှည်လျှပ်စစ်ဖွံ့ဖြိုးရေး မဟာဗျူဟာ ချမှတ်ပြီး ကာလတိုငါးနှစ် စီမံကိန်းများအလိုက် တည်ဆောက်ရမည့် ရေအား လျှပ်စစ်စီမံကိန်းများကို တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ ကြောင်း၊ ယင်းစီမံကိန်းများမှာ မဂ္ဂါဝပ် ၇၉၀ ထုတ်လုပ်ပေးမည့် ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၂၈၀ ထုတ်လုပ်ပေးမည့် ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၆၀ ထုတ်လုပ်မည့် ကွန်းချောင်းရေအား လျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၃၀ ထုတ်လုပ်မည့် ခပေါင်းစီမံကိန်း၊ မဂ္ဂါဝပ် ၄၀ ထုတ်လုပ်မည့် ဖြူးချောင်းစီမံကိန်း၊ ၇၅မဂ္ဂါဝပ်ထုတ်လုပ်မည့် ရွှေကျင်စီမံ ကိန်း၊ ၂၅မဂ္ဂါဝပ်ထုတ်လုပ်မည့် ရဲနွယ်စီမံကိန်း၊ ၅၄မဂ္ဂါဝပ်ထုတ်လုပ်မည့်



**မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဗိုလ်မှူးကြီး ဘုန်းမော်ရွှေ မုန်းချောင်းဘက်စုံ ရေလှောင်တမံ ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

ရှမ်းပြည်နယ်(တောင်ပိုင်း)ကျိုင်းတောင်းစီမံကိန်းများကိုလည်း တစ်ပြိုင်တည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)၌တည်ဆောက်နေသည့် ရွှေလီစီမံကိန်းသည် မဂ္ဂါဝပ် ၄၀၀ ထုတ်လုပ်နိုင်မှာဖြစ်ပြီး စီမံကိန်းကို ဆောလျင်စွာပြီးစီးအောင် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တီကျစ်၌လည်း မဂ္ဂါဝပ် ၁၂၀ထွက်ရှိမည့် ကျောက်မီးသွေးသုံးဓာတ်အားပေး စက်ရုံကို တည်ဆောက် လျက်ရှိပြီး မဂ္ဂါဝပ် ၆၀စက်တစ်လုံးကို မကြာမီ လည်ပတ်၍ ဓာတ်အားထုတ် လုပ်ပေးနိုင်အောင် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း။

စက်တပ်ဆင်အင်အား ၇၅မဂ္ဂါဝပ်ရှိသည့် မုန်းချောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တာဝန်ယူတည် ဆောက်ခဲ့သည့် (၄၃)ခုမြောက်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖြစ်ကြောင်း။

## ပြည်သူ့အကျိုးပြု

မုန်းချောင်း၏သဘာဝရေသယံဇာတကို အကျိုးရှိရှိအသုံးချပြီး ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ၏ တစ်ဦးချင်းဝင်ငွေ တိုးတက်လာပြီး လူနေမှု အဆင့်အတန်းမြင့်မားရေး ဆိုသည့် မွန်မြတ်သောရည်မှန်းချက် အပြည့်ဖြင့် တည်ဆောက်ခဲ့ရသည့် စီမံကိန်းကြီးသည် သာမန်ကြံစည်အားထုတ်မှု မျိုးနှင့် ပေါ်ထွက်လာခြင်းမဟုတ်ဘဲ နိုင်ငံတော်၏စေတနာမှန်၊ ရည်မှန်းချက် မှန်များကို အခြေခံပြီး ဖွဲလုံ့လဝီရိယများ၊ အတတ်ပညာစွမ်းအားများကို အားကုန် ထုတ်၍ လုပ်ကိုင်ဆောင်ရွက်ခဲ့ရသည့် ပြည်သူ့အကျိုးပြု စီမံကိန်းကြီး ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဗိုလ်မှူးကြီးဘုန်းမော်ရွှေက အမှာစကားပြောကြားရာ၌ ယခင်က မကွေးတိုင်း အတွင်းဖွင့်လှစ်ခဲ့သည့် ရေလှောင်တမံများသည် စိုက်ပျိုးရေပေးဝေရေး အတွက် သာ ဖြစ်ခဲ့ပြီး ယခုမုန်းချောင်းရေလှောင်တမံသည် လျှပ်စစ်ဓာတ်အားထုတ်လုပ် မှုပါ ပါဝင်သည့်အတွက် ဘက်စုံတမံတစ်ခုအဖြစ် ထူးခြားမှုလည်းရှိပါကြောင်း။

နိုင်ငံတော်အစိုးရ၏ တောင်သူလယ်သမားကြီးများအပေါ် စေတနာထား ရှိပြီး ဆည်ကန်များကို ငွေကုန်ကြေးကျခံ တည်ဆောက်ပေးခဲ့သဖြင့် မကွေးတိုင်း တစ်တိုင်းလုံးရှိ လူဦးရေ ၄ဒသမ၉သန်းအတွက် ဝမ်းစာစပါး ဖူလုံစေရန် မိုးစပါး၆၀၅၂၇၅ဧကနှင့် နွေစပါး ၁၇၅၀၄၇ ဧကစိုက်ပျိုးလျာထားခဲ့ရာမှ မိုးစပါးခြောက်သိန်းခန့် စိုက်ပျိုးနိုင်ခဲ့ပြီး နွေစပါးစတင်စိုက်ပျိုးနေပြီ ဖြစ်ပါ ကြောင်း။

## သီးနှံဘက်စုံတိုင်းဟု တင်စားနိုင်

မကွေးတိုင်းအတွင်း၌ ယခု မုန်းချောင်းရေလှောင်တမံနှင့်ဆိုလျှင် ဆည် တမံ ၃၃ခုအထိ တိုးတက်များပြားလာပြီး ဆည်ရေသောက် ဧရိယာသည်



**လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် တင်ထွတ် မုန်းချောင်းဘက်စုံ ရေလှောင်တမံ ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။**
(သတင်းစဉ်)

လည်း တိုးတက်များပြားလာပါကြောင်း၊ အထူးသဖြင့် နွေစပါးဧက သိသိ သာသာကြီး တိုးတက်လာတော့မှာဖြစ်ကြောင်း၊ မကွေးတိုင်းသည်လည်း မန္တလေးတိုင်းနည်းတူ သုံးနှစ် စီမံချက်ဖြင့် မိုးစပါးဧကဝသိန်းအထိ တိုးချဲ့ စိုက်ပျိုးသွားရမည်ဖြစ်ပြီး ယခင်ဆီအိုးကြီးဟု နာမည်ကျော်ကြားသည့် မိမိတို့ တိုင်းသည် နိုင်ငံတော်အစိုးရ၏ စေတနာဖြင့် ပံ့ပိုးကူညီမှု၊ တောင်သူလယ် သမားကြီးများ၏ အမြင်ကျယ်စွာ တိုးတက်စိုက်ပျိုးမှုတို့ကြောင့် ဆီသာမက ဆန်ပါဖူလုံလာတော့မှာ ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် သီးနှံဘက်စုံတိုင်းဟု တင်စားခေါ်ဝေါ်နိုင်မည် ဖြစ်ကြောင်း။

ထို့အပြင် လျှပ်စစ်ဓာတ်အားပါ တိုးချဲ့ရရှိတော့မည်ဖြစ်သည့်အတွက် စက်မှုကဏ္ဍမှာလည်း မလွဲမသွေ တိုးတက်လာတော့မည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း အကောင် အထည်ဖော် ဆောင်ရွက်ပေးခြင်းကြောင့် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါ ကြောင်းဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား စေတုတ္တရာမြို့မှ ဒေသခံ ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖဲကြိုးဖြတ် ဖွင့်လှစ်မည့် ပင်မတမံ အဝင်မုခ်ဦးရှေ့၌ နေရာယူကြသည်။

ယင်းနောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မုန်းချောင်း ရေလှောင်တမံဘက်စုံစီမံကိန်း ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် လျှပ်စစ် စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်တို့သည် မုန်းချောင်းရေလှောင် တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စီမံကိန်းမှ တာဝန်ရှိသူများ၊ ဒေသခံများနှင့်အတူ ဖွင့်ပွဲမုခ်ဦးရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

## ဖြတ်သန်းကြည့်ရှု

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မုန်းချောင်း ရေလှောင်တမံ၏ ပင်မတမံကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ ရေလျှံထိန်းဆည်နှင့်ရေပိုလွှဲတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မုန်းချောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ရောက်ရှိကြပြီး ရှေးဦးစွာ နိုင်ငံတော် ဝန်ကြီးချုပ်က တာဘိုင်ဂျင်နရေတာကို ကွန်ပျူတာခလုတ်နှိပ်၍ ဖွင့်လှစ် ပေးသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်နှင့် တာဝန်ရှိသူများက တာဘိုင်စက် သုံးလုံး လည်ပတ်ပြီး လျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ် ထုတ်ယူရရှိမှုအခြေ အနေများကို ရှင်းလင်းပြသသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CITIC Technology Co.,Ltd. ဥက္ကဋ္ဌ Mr. Sun Xigo Wan အား သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တာဘိုင်စက် သုံးလုံးနှင့် တာဘိုင်စက်များ လည်ပတ်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေမှု များကို ကြည့်ရှုစစ်ဆေးကြသည်။

## အမွှေးနံ့သာပက်ဖျန်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်တို့ သည် မုန်းချောင်းရေအားလျှပ်စစ်စီမံကိန်း ကမ္ပည်းကျောက်စာကို အမွှေးနံ့သာ ဖြင့် ပက်ဖျန်းပေးကြသည်။

မုန်းချောင်း ရေလှောင်တမံဘက်စုံစီမံကိန်းကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈)နှင့် ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၁) တည်ဆောက်ရေး တို့က အောင်မြင်စွာ တာဝန်ယူတည်ဆောက်ခဲ့ကြခြင်းဖြစ်သည်။

မုန်းချောင်းရေလှောင်တမံဘက်စုံ စီမံကိန်းကို မကွေးတိုင်း မင်းဘူးခရိုင် စေတုတ္တရာမြို့ မြောက်ဘက် နှစ်မိုင်ခန့်အကွာ အောက်ပုံရွာနှင့် သရမ်ကိုင်း ကျေးရွာအကြား မုန်းချောင်း၌ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

မိုးစပါးစိုက်ဧကအတွက် ဖြည့်စွက်ရေအလုံအလောက် ရရှိစေပြီး သီးထပ် အဖြစ် နွေစပါးကို မူလဧက ၁၈၀၀၀ခန့်သာ စိုက်ပျိုးခဲ့ရာမှ ဧက ၇၀၀၀၀



**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ် ဌေးဦး မုန်းချောင်း ဘက်စုံ ရေလှောင်တမံ ဖွင့်ပွဲ အခမ်း အနား တွင် အမှာစကား ပြောကြားစဉ်။**
(သတင်းစဉ်)

ကျော်အထိ တိုးမြှင့်စိုက်ပျိုးနိုင်ရန်၊ မုန်းချောင်းဘေး ဝဲယာမှ စိုက်ပျိုးမြေများ၊ ရွာများ ရေကြီးနစ်မြုပ်မည့်ဘေးမှ ကာကွယ်နိုင်ရန်၊ စီမံကိန်းဧရိယာစိမ်းလန်း စိုပြည်စေရန်၊ တစ်နှစ်ပျမ်းမျှ ကီလိုဝပ်နာရီ သန်းပေါင်း ၃၃၀ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

*စာမျက်နှာ ၁၂ ကော်လံ ၁*

## မုန်းချောင်း ရေလှောင်တမံဘက်စုံစီမံကိန်း

- ❑ မုန်းချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈)နှင့် ရေအား လျှပ်စစ်ဦးစီးဌာန အမှတ်(၁) တည်ဆောက်ရေးတို့က အောင်မြင်စွာ တာဝန်ယူ တည်ဆောက်ခဲ့။
- ❑ မကွေးတိုင်း မင်းဘူးခရိုင် စေတုတ္တရာမြို့ မြောက်ဘက် နှစ်မိုင်ခန့်အကွာ အောက်ပုံရွာနှင့် သရမ်ကိုင်းကျေးရွာအကြား မုန်းချောင်း၌အကောင် အထည်ဖော်ဆောင်ရွက်ခဲ့။
- ❑ ရေလှောင်တမံမှာ မြေသားတမံ (ဇုန်အမျိုးအစား) ဖြစ်သည်။ ပင်မတမံ အလျားပေ ၄၃၂၀၊ ကုန်းကျော တမံ(၁)အလျားပေ ၇၄၀၊ ကုန်းကျော တမံ(၂) အလျားပေ ၁၃၄၀ ရှိပြီး တမံအမြင့်မှာ ပေ ၂၀၀ ဖြစ်သည်။ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၆၇၄၄၀၀ ဖြစ်သည်။ ဆည်ရေပေးနိုင်မည့် ဧကမှာ ၁၀၀၀၀၀ ဖြစ်သည်။
- ❑ မုန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှာ အလျား ၂၅၈ပေ၊ အနံ ၁၂၈ပေ၊ အမြင့် ပေ ၁၁၀ ရှိသည်။ စက်ရုံ၌ တာဘိုင်စက်သုံးလုံး တပ်ဆင် ထားသည်။ တာဘိုင်စက်တစ်လုံးလျှင် ၂၅ မဂ္ဂါဝပ် ထွက်ရှိရာ လျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ်ထုတ်ယူ ရရှိမည်။

# ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းမှုများ

## (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြုကြိုဆို

| စဉ် | အကြောင်းအရာ | ဖြစ်ထွန်းတည်ရှိမှု |
|---|---|---|
| ၁ | မြန်မာနိုင်ငံ၏စိုက်ပျိုးမြေဧက | ၂၅ သန်းကျော် |
| ၂ | ၂၀၀၃-၂၀၀၄ခုနှစ်ဆန်စပါးထုတ်လုပ်မှု | တင်း ၁၁၀၉ သန်း |
| ၃ | မိုးစပါး စိုက်ဧက | ၁၃ သန်း၊ |
| ၄ | နွေစပါး စိုက်ဧက | ၃ သန်း |
| ၅ | အခြားသီးနှံများ စိုက်ဧက | ၂ သန်း |
| ၆ | စုစုပေါင်း စိုက်ဧက | ၁၈ သန်း |
| ၇ | အခြားသီးနှံ စိုက်ပျိုးပင်- | မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲစင်းငုံ၊ ဝါ၊ကြံ၊ ဆီအုန်း၊ ရော်ဘာ၊ ပြောင်း၊ လက်ဖက်၊ငရုတ်ကောင်း |



ပြည်တွင်းစားသုံးဆီ ဖူလုံစေရန်အတွက် တနင်္သာရီတိုင်း ကော့သောင်းမြို့နယ်တွင် စိုက်ပျိုးထားသည့် ဆီအုန်းစိုက်ခင်းကြီးကို ဤသို့ တစ်မျှော်တစ်ခေါ်တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



နိုင်ငံခြားငွေ တိုးတက်ရရှိစေမည့် ၁၀နှစ်နီးပါး သက်တမ်းရှိသည့် ရော်ဘာပင်များရှင်သန်ကြီးထွားနေသည်ကို ရန်ကုန်တိုင်း လှည်းကူးမြို့နယ်တွင် ဤသို့တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်ရှိ လွန်းကျော် ဝါမျိုးသန့် စိုက်ကွင်း၌ စက်မှုလယ်ယာဦးစီးဌာနက ထွန်စက်များဖြင့် ဝါအထွက်တိုးစေရန် မြေယာပြုပြင်ပေးနေသည်ကို ဤသို့ တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

### ခပ်မျိုးစပါး အောင်မြင်ဖြစ်ထွန်း

မြန်မာနိုင်ငံတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော စပ်မျိုးစပါးအထွက်တိုး မျိုးကောင်းမျိုးသန့်များကို ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ်တွင် ဤသို့တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)







**သူ့ ကျွန် အဖြစ် နှံနစ် မခံ ဒို့ တွန်းလှန်**

**အရေးကြီးလျှင်သွေးနီးသည်၊ သွေးနီးလျှင် သွေးစည်းသည် အရေးကြုံလျှင် သက်လုံကောင်းရမည်၊ တိုင်းတစ်ပါး ကျူးကျော်မှုမှန်လျှင် တွန်းလှန်ရမည် ဟူသော စိတ်ဓာတ်သည် အနေလှမ်းသောတောင်တန်း၊ မြေပြန့် မြန်မာအားလုံး၌ အလိုလိုရှိနေကြသည်။ ဤသည်မှာ မျိုးချစ်စိတ်၊ တိုင်းချစ်စိတ်၊ ဇာတိသွေး၊ ဇာတိမာန်ပင် ဖြစ်သည်။ မျိုးချစ်စိတ်ဓာတ်ဖြင့် အကောင်အထည်ပေါ်အောင် ကာယကံမြောက် နယ်ချဲ့ကို တွန်းလှန်ခြင်းသည် အမျိုးသားရေးပင် ဖြစ်သည်။**

၁၈၂၄ခုနှစ်တွင် အင်္ဂလိပ်-မြန်မာပထမစစ်ပွဲဖြစ်ခဲ့သည်။ နယ်ချဲ့အင်္ဂလိပ်တို့၏ အဓမ္မကျူးကျော်စစ်ပင်ဖြစ်သည်။ မြန်မာတိုင်းရင်းသားများက ခုခံတိုက်ခိုက်ရာ၌ ပြောင်မြောက်ခဲ့သည်။ ယင်းစစ်ပွဲအပြီး နယ်ချဲ့တို့၏ စီမံကိန်းအတိုင်း ရခိုင်နှင့်တနင်္သာရီဒေသတို့ကို သိမ်းယူသွားခဲ့ကြသည်။

၁၈၅၂ခုနှစ်တွင် အလားတူအင်္ဂလိပ်တို့၏ နယ်ချဲ့ကျူးကျော်စစ်ကို မြန်မာတို့ ခုခံတိုက်ခိုက်ရပြန်သည်။ ယင်းဒုတိယစစ်ပွဲအပြီး အောက်မြန်မာနိုင်ငံကို နယ်ချဲ့က သိမ်းယူသွားခဲ့သည်။

၁၈၈၅ခုနှစ်တွင်ကား နယ်ချဲ့တို့၏ ပြည်သိမ်းကျူးကျော်စစ်ကို တိုင်းရင်းသားစုံ၊ ဒေသစုံ၊ တောင်ပေါ်မြေပြန့်စုံ၌ ခုခံတိုက်ခိုက်ခဲ့ကြရသည်။ ထိုစစ်ပွဲသည်လည်း နယ်ချဲ့စီမံကိန်းကို အင်္ဂလိပ်တို့အင်အားသုံးကာ ရန်စကျူးကျော်ခြင်းပင်ဖြစ်သည်။ စစ်ပွဲသုံးကြိမ်စလုံး၌ မြန်မာတိုင်းရင်းသား ခေါင်းဆောင်များ၏ သူ့ကျွန်မခံ တွန်းလှန်ခုခံသော သမိုင်းကို နယ်ချဲ့တို့ကပင် ဂုဏ်တင်ချီးကျူး ရေးသားဝန်ခံခဲ့ရသည်။ ချင်းတောင်တန်း၊ ကချင်တောင်တန်း၊ ရှမ်းကုန်းမြေမြင့်မှ ရှမ်း၊ ကယား၊ 'ဝ'စသည့်တိုင်းရင်းသားမျိုးချစ်များ ရခိုင်၊ ကရင်၊ မွန်မျိုးချစ်များ၊ မြေပြန့်တစ်ခွင်မှ ဗမာမျိုးချစ်များသည် မည်သူ့ကို၊ မည်သူကမျှမစည်းရုံး၊ မညွှန်ကြား၊ မတိုက်တွန်း၊ မဆက်သွယ်ရဘဲ ပင်ကိုသူ့ကျွန်မခံစိတ်၊

# လွတ်လပ်ရေးဆုံးရှုံးမှုအနိဋ္ဌာရုံနှင့် လွတ်လပ်ရေးရရှိမှု၏ ဣဋ္ဌာရုံသ

နယ်ချဲ့ဆန့်ကျင်စိတ် ကိုယ်စီ (ဘဝပေး-ပင်ကိုအသိစိတ်ဓာတ်ကိုယ်စီ)ဖြင့် တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်မှာ မြန်မာတို့၏ ဝိသေသလက္ခဏာ တစ်ရပ်ဖြစ်သည်။

အရေးကြီးလျှင်သွေးနီးသည်၊ သွေးနီးလျှင် သွေးစည်းသည် အရေးကြုံလျှင် သက်လုံကောင်းရမည်၊ တိုင်းတပါးကျူးကျော်မှုမှန်လျှင် တွန်းလှန်ရမည် ဟူသော စိတ်ဓာတ်သည် အနေလှမ်းသောတောင်တန်း၊ မြေပြန့် မြန်မာအားလုံး၌ အလိုလိုရှိနေကြသည်။ ဤသည်မှာ မျိုးချစ်စိတ်၊ တိုင်းချစ်စိတ်၊ ဇာတိသွေး၊ ဇာတိမာန်ပင် ဖြစ်သည်။ မျိုးချစ်စိတ်ဓာတ်ဖြင့် အကောင်အထည်ပေါ်အောင် ကာယကံမြောက် နယ်ချဲ့ကို တွန်းလှန်ခြင်းသည် အမျိုးသားရေးပင် ဖြစ်သည်။

လွတ်လပ်ရေး ဆုံးရှုံးရခြင်းမှာ ထိုစဉ်က နယ်ချဲ့သမားတို့၏ ခေတ်မီလက်နက်များ၏ စွမ်းပကားကြောင့်လည်း ဖြစ်သည်။ သတ္တိအင်အား အရာကား မြန်မာတို့က ပိုမိုသည်။ နန်းတွင်း မညီညွတ်မှုကိုလည်း ချွတ်ယွင်း အားနည်းချက်တွင် ထည့်သွင်းဖော်ပြကြသည်။ နယ်ချဲ့တို့၏ စစ်အင်အားကိုလည်း ထည့်တွက်ကြသည်။ ထိုစဉ်ကပင် ပြည်ပအားကိုး ပုဆိန်ရိုးများ ရှိနေခဲ့ရာ ၎င်းတို့၏ စနက်ကိုလည်း ထည့်တွက်ရမည်ဖြစ်သည်။ သို့ရာတွင် ထိုအနောက်(နယ်ချဲ့) မျှော်ဝါဒီများ၏ မှန်းချက်နှင့်နှမ်းထွက်လွဲခဲ့ကြသည်။

နန်းတွင်း မညီညွတ်ခြင်း၊ လက်နက်စွမ်းပကားအရာ၌ ခေတ်မမီခြင်းတို့သည် သာမန်အားဖြင့် သူ့ကျွန်ဘဝ ရောက်သည်အထိ တွန်းပို့ခဲ့ခြင်း မဟုတ်ပေ။ ကမ္ဘာ့အနောက်ခြမ်း(ဥရောပ)တွင် အရင်းရှင်များ ခေါင်းထောင်လာသည်။ စက်မှုကုန်ထုတ်လုပ်ငန်းများ ဖြစ်

**လွတ်လပ်ရေးအတွက် နယ်ချဲ့ခုခံရေးစစ်ပွဲကာလများ၊ လွတ်လပ်ရေး ကြိုးပမ်းမှုကာလများတွင် မြန်မာတို့သည် အမျိုးသားရေးစိတ်ဓာတ်ဖြင့် အမျိုးသားနိုင်ငံရေးကို စွဲကိုင်ခဲ့သည်။ ထိုတူညီသော ခံယူချက်ကြောင့်လည်း စည်းလုံးညီညွတ်ခဲ့သည်။**

ထွန်းလာသည်။ ဘုရင်စနစ်၊ မြေရှင်စနစ်တို့ကို ထိုးဖောက်ပြီးပါလီမန်ထူထောင် အုပ်စိုးနိုင်သော ဥရောပဘုရင့်ဗ္ဗာတော်လှန်ရေး၌ ဘုရင်တို့အလျှော့ပေးကာ အရင်းရှင်တို့ အာဏာရခဲ့သည်။ ထိုအာဏာကို ရွေးကောက်ပွဲဖြင့်ရ၍ ဒီမိုကရေစီအာဏာဟုဆို၏။ အရင်းရှင်ပါလီမန်

**တက္ကသိုလ်**

စနစ်ကို ပါလီမန် ဒီမိုကရေစီစနစ်ပ
သို့သော် ထိုပါလီမန် (ဒီမိုကရေစီ) ရွေး
ငွေကြေးဖြင့်အနိုင် ရခဲ့ကြသည်။
ရွေးကောက်ပွဲများ ဖြစ်သည်။ အရင်းရှင်စ
ဒါဇင်ဝက်ခန့်ရှိသည့် နိုင်ငံများသည် မ
ကုန်သွယ်မှုလုပ်ငန်းအတွက် လိုအပ်
ဈေးကွက်ရရှိရေး၊ လောင်စာစွမ်းအင် 
ရရှိရေးအတွက် ရိုးရိုးသားသား မကြိုး
စစ်အင်အားချဲ့ပြီး ကမ္ဘာတစ်ခွင် ပင်လ



**မြန်မာ့လွတ်လပ်ရေးအတွက် ရှမ်း၊ ပအိုဝ်း၊ ဓနုတိုင်းရင်းသားများ ပင်လုံမြေတွင် ဤသို့ချီတက်ကြွေးကြော်ခဲ့ကြသည်။**

**မြန်မာ့လွတ်လပ်ရေးအတွက် အမျိုးသားနိုင်ငံရေးအသင်းအဖွဲ့များက အင်္ဂလန်တွင် ဤသို့ အရေးဆိုခဲ့ကြသည်။**



ကျူးကျော်ကျွန်ပြုပြီး အဆိုပါ လို
ဓားပြတိုက်ယူခဲ့ကြသည်။ ကမ္ဘာမြေပြ
မြေများနှင့် ယင်းနိုင်ငံတို့မှ ဓနဥစ္စာ
နိုင်ငံဒါဇင်ဝက်ခန့်က ကျွန်ပြုလုယက်

၁၈၈၅ ခုနှစ် မြန်မာနိုင်ငံ အင်္ဂလိပ်(
မရောက်မီကပင် နယ်ချဲ့တို့သည် မြန်မ

**တိုင်းရင်းသားပြည်သူများ
အင်အားစုကြီး ဖြစ်သည့်
လက်တွဲကာ ထိုအန္တရာယ်ဆို
ကို ကာကွယ်စောင့်ရှောက်ခဲ့
နှင့် ပြည်သူတို့ပင် နိုင်ငံတော်
လွတ်လပ်ရေး(အချုပ်အခြာ
လျက်ရှိသည်။**

# ...မှု၏ ကုလသမဂ္ဂရုံးသရုပ်သကန်

တက္ကသိုလ်မြတ်သူ

စနစ်ကို ပါလီမန် ဒီမိုကရေစီစနစ်ဟု နာမည်လှလှပေးထားကြ၏။ သို့သော် ထိုပါလီမန် (ဒီမိုကရေစီ) ရွေးကောက်ပွဲများတွင် အရင်းရှင်တို့က ငွေကြေးဖြင့်အနိုင် ရခဲ့ကြသည်။ ဆင်းရဲသားတို့မကပ်နိုင်သော ရွေးကောက်ပွဲများ ဖြစ်သည်။ အရင်းရှင်စက်မှုထွန်းကားလာသော ဥရောပမှ ဒါဇင်ဝက်ခန့်ရှိသည့် နိုင်ငံများသည် မိမိတို့ စက်မှုကုန် ထုတ်လုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်းအတွက် လိုအပ်သော ကုန်ကြမ်းရရှိရေး၊ ကုန်ချောဈေးကွက်ရရှိရေး၊ လောင်စာစွမ်းအင် ရရှိရေး၊ လုပ်အား(အလုပ်သမား) ရရှိရေးအတွက် ရိုးရိုးသားသား မကြိုးစားဘဲ လက်နက် စွမ်းရည်ကိုမြှင့်၊ စစ်အင်အားချဲ့ပြီး ကမ္ဘာတစ်ခွင် ပင်လယ်ဓားပြများသဖွယ် နိုင်ငံများကို



ကျူးကျော်ကျွန်ပြုပြီး အဆိုပါ လိုအပ်ချက်များရရှိအောင် ကိုလိုနီဓားပြတိုက်ယူခဲ့ကြသည်။ ကမ္ဘာမြေပြင်၏ လေးပုံသုံးပုံမကသော နိုင်ငံမြေများနှင့် ယင်းနိုင်ငံတို့မှ ဓနဥစ္စာများကို ဥရောပအရင်းရှင်နယ်ချဲ့နိုင်ငံဒါဇင်ဝက်ခန့်က ကျွန်ပြုလုယက် သွေးစုပ်ခဲ့ကြသည်။

၁၈၈၅ ခုနှစ် မြန်မာနိုင်ငံ အင်္ဂလိပ်(ဗြိတိသျှနယ်ချဲ့)တို့ လက်အောက်မရောက်မီကပင် နယ်ချဲ့တို့သည် မြန်မာ့ထွက်ကုန်ပတ္တမြားကျောက်သံ၊ စပါးကောက်နှံ၊ ကျွန်းသစ်၊ ရေနံအလားအလာများကို မျက်စိကျပြီး ဖြစ်သည်။ မြန်မာနိုင်ငံကို သိမ်းပိုက်မိသည်နှင့် ကမ္ဘာတွင်နာမည်ကျော်လှသော မြန်မာ့ကျွန်းသစ်များကို ဝါးမျိုရန် ဘုံဘေဘားမားကုမ္ပဏီ၊ မြေအောက်သတ္တုစုံဝါးမျိုရန် ဘားမားကော်ပိုရေးရှင်း၊ ရေနံကိုရယူရန် ဘီအိုစီကုမ္ပဏီ၊ စပါးနှင့်ကောက်ပဲသီးနှံစိုက်ပျိုးထွက်ကုန်များလက်ဝါးကြီးအုပ်ရန် စတီးဘရားသား စသည်ဖြင့် ဘူလင်ဂျာပူးလ်တို့ အကွက်စေ့စွာ ဝင်ရောက် သွေးစုပ်ခဲ့ကြသည်။

မခံမရပ်နိုင်သော တိုင်းရင်းသားစုံမြန်မာတို့ကလည်း ၁၈၈၅ခုနှစ်မှ ၁၉၀၀ ပြည့်လွန်နှစ်များအထိ သူ့ကျွန်မခံ ခုခံရေးစစ်ပွဲများ ဆင်နွှဲခဲ့ကြသည်။ ၁၉၀၆ခုနှစ်တွင် ဝိုင်အမ်ဘီအေ၊ ၁၉၂၀ပြည့်နှစ်တွင် ဂျီစီဘီအေ (မြန်မာအသင်းချုပ်ကြီး)နှင့် နောင်တို့ဗမာအစည်းအရုံးတို့ကို ဖွဲ့စည်းတည်ထောင်ကာ အမျိုးသားလွတ်မြောက်ရေးအတွက် လှုပ်ရှားတိုက်ပွဲဝင်ခဲ့ကြသည်။ဘီအိုင်အေ၊ ဘီဒီအေ၊ဗမာ့တပ်မတော်၊ ဖတပလ၊ ဖဆပလ တို့သည် လွတ်လပ်ရေးကို အပြီးအပိုင် ရယူနိုင်ရန် စည်းလုံးမှုအင်အား၊ ဇာတိမာန်တို့ဖြင့် ကြိုးပမ်းခဲ့ကြသည်။

၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးလွတ်လပ်၍ အချုပ်အခြာအာဏာပြန်လည်ပိုင်ဆိုင်ခဲ့သည်။ ကြွယ်ဝလှ သော သယံဇာတ၊ သဘာဝအရင်းအမြစ်၊ နိုင်ငံ၏ဓနဥစ္စာများ မြန်မာတို့ ပြန်လည်ပိုင်ဆိုင်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ပင်လုံညီလာခံဖြင့် ရာစုနှစ် တစ်ခုမက နယ်ချဲ့တို့၏ သွေးခွဲမှုကို ပယ်လှန်ကာ တိုင်းရင်းသား အားလုံး၏ အချုပ်အခြာ အာဏာပိုင် ပြည်ထောင်စု နိုင်ငံတော်ကြီး ထူထောင်နိုင်ခဲ့သည်။

လွတ်လပ်ရေး အတွက် နယ်ချဲ့ခုခံရေး စစ်ပွဲကာလများ၊ လွတ်လပ်ရေး ကြိုးပမ်းမှုကာလများတွင် မြန်မာတို့သည်အမျိုးသားရေးစိတ်ဓာတ်ဖြင့် အမျိုးသားနိုင်ငံရေးကိုစွဲကိုင်ခဲ့သည်။ ထိုတူညီသော ခံယူချက်ကြောင့် လည်း စည်းလုံးညီညွတ်ခဲ့သည်။လွတ်လပ်ရေးရပြီးသည်နှင့် ပြည်ပ ပယောဂစုံဖြင့် ပါတီ၊ ဂိုဏ်းဂဏ၊ ဝါဒစွဲများက မြန်မာတို့၏ စည်းလုံးမှုနှင့် အမျိုးသားရေး ခံယူချက်များကို ထိပါးလာခဲ့သည်။ ဤသို့ဖြင့် အမျိုးသားစည်းလုံးမှု (ဝါ) တိုင်းရင်းသားစည်းလုံးညီညွတ်မှု အစည်းပြေခဲ့ရသည်။

ထိုစည်းလုံးညီညွတ်မှု ပြိုကွဲကာ လက်နက်ကိုင်ပြီး အချင်းချင်းကိုယ့်အစွဲမာန ပြည်တွင်း၊ ပြည်ပ ပယောဂများဖြင့်တိုက်ခိုက်လာကြရာ ရာစုနှစ်တစ်ဝက်ခန့် ပြည်သူတို့ အသက်ကို ဖက်နှင့်ထုပ်ကာ ပြေးလွှားနေခဲ့ရသည်။ လွတ်လပ်လာသော်လည်း ပြည်သူတို့သည်လွတ်လပ်ရေး၏ အရသာ မခံစားကြရ။ နယ်ချဲ့ဆိုးမွေဖြင့် လုံးထွေးရစ်ပတ်ကာ ဒုက္ခစုံ အတောမသတ်နိုင်ဘဲ ရှိခဲ့ရသည်။ လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးလုနီးနီး အခြေအနေများ၊ ၁၉၄၈-၄၉(ရန်ကုန်ခြောက်မိုင် အစိုးရဟုဆိုလောက်အောင် သောင်းကျန်းမှု မင်းမူချိန်)ကာလတွင်တစ်ကြိမ်၊ ၁၉၅၈ခုနှစ် အာဏာရ ဖဆပလနှစ်ခြမ်းကွဲကာ လူသူလက်နက်စုပြီး ရန်စောင်ကြသော ခက်ဖွယ်ရယ်ကြုံ လက်နက်ကယ်စုံအညီနဲ့ကာလတွင် တစ်ကြိမ်၊ ၁၉၆၂ ခုနှစ်ဦးပိုင်း ဖက်ဒရယ်မှုအမည်ခံ ပြည်ထောင်စုကြီးခုနစ်စိတ်၊ ရှစ်စိတ်ကွဲပြီး နယ်ချဲ့ စစ်အုပ်စု(ဆီးတိုး)အတွင်း ဝင်ရောက်ရန်အထိ ပြည်ပနယ်ချဲ့ မှိုင်းမိခဲ့ကြစဉ်က တစ်ကြိမ်၊ ၁၉၈၈ခုနှစ် ပြည်တွင်း၌ ပယောဂစုံ ပူးကပ်ပြီး ဆူပူနေကြချိန်၊ အင်အားကြီးအနောက်နိုင်ငံတစ်ခုမှ လေယာဉ်တင်သင်္ဘောအပါအဝင် စစ်သင်္ဘော ငါးစင်းအုပ်စု မြန်မာ့ရေပိုင်နက်အတွင်း ကျူးကျော်ဝင်ရောက်ကာ မြန်မာနိုင်ငံကို ကျားချောင်း ချောင်းစဉ်က တစ်ကြိမ်၊ လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးလုလု၊ ပြည်ထောင်စု ပြိုကွဲလုလု၊ သွေးချောင်းစီးကာ အလုံးစုံပျက်သုဉ်းလုလု အခြေအနေဆိုး ဆိုက်ရောက်ခဲ့သည်။

တိုင်းရင်းသားပြည်သူများနှင့် အမျိုးသားရေး အမာခံ အင်အားစုကြီး ဖြစ်သည့် တပ်မတော်တို့ ညီညာလက်တွဲကာ ထိုအန္တရာယ်ဆိုးလေးကြိမ်မှ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့ရသည်။ ယနေ့တပ်မတော်နှင့် ပြည်သူတို့ပင် နိုင်ငံတော် (ပြည်ထောင်စု)ကြီးနှင့် လွတ်လပ်ရေး (အချုပ်အခြာအာဏာ) ကို ကာကွယ်လျက်ရှိသည်။ နိုင်ငံတော် အေးချမ်းသာယာ လာစေရန်၊ ငြိမ်းချမ်း သာယာပတ်ဝန်းကျင်ထူထောင်ပြီး နိုင်ငံတော်ဘက်စုံ ဖွံ့ဖြိုးစေရန်လည်း ဤမည်သော အမျိုးသားရေး အင်အားစုကြီးကပင် ဆောင်ရွက်လျက်ရှိသည်။ ဤသည်မှာ လွတ်လပ်ရေးဆုံးရှုံးမှု၏ အနိဋ္ဌာရုံများကိုဖယ်ရှားကာ လွတ်လပ်ရေး၏ဣဋ္ဌာရုံ(ဝါ) လွတ်လပ်ရေးအရသာကို အမျိုးသားနိုင်ငံရေးဖြင့် အကောင်ထည်ဖော်ဆောင်မှု၏ သရုပ်သကန်ပင် ဖြစ်ပေသတည်း။ ။

---

တိုင်းရင်းသားပြည်သူများနှင့် အမျိုးသားရေး အမာခံ အင်အားစုကြီး ဖြစ်သည့် တပ်မတော်တို့ ညီညာလက်တွဲကာ ထိုအန္တရာယ်ဆိုးလေးကြိမ်မှ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့ရသည်။ ယနေ့တပ်မတော်နှင့် ပြည်သူတို့ပင် နိုင်ငံတော် (ပြည်ထောင်စု)ကြီးနှင့် လွတ်လပ်ရေး(အချုပ်အခြာအာဏာ)ကို ကာကွယ် လျက်ရှိသည်။

---

# (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြို ဂုဏ်ပြုဆောင်းပါးနှင့် မှတ်တမ်းဓာတ်ပုံ



## ယူနီယံဂျက်အလံကိုဖြုတ်ချ

**မင်္ဂလာရှိသော ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ၄ရက်နေ့ နံနက်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနား ပြုလုပ်ခဲ့သည်။ အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံကို လွှင့်ထူရန်အတွက် ဗြိတိသျှတို့၏ ယူနီယံဂျက် အလံကို ဤသို့ ဖြုတ်ချခဲ့သည်။**

# ဆူနာမီ ဒီရေလှိုင်း

ဇင်အောင်(မိုး/ဇလ)

## ဆူနာမီ

ဆူနာမီ( Tsunami ) ဟူသည် ပင်လယ်တွင်း မြေငလျင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်းတို့ကြောင့် ဒီရေလှိုင်းကြီးများဖြစ်ပေါ်ကာ ကမ်းခြေဒေသများသို့ ရိုက်ခတ်ခြင်းပင်ဖြစ်သည်။ ဆူနာမီသည် ဂျပန်အခေါ်အဝေါ်ဖြစ်ပြီး ဒီရေလှိုင်းဟု အဓိပ္ပာယ်ရပါသည်။ အဆိုပါ ဒီရေလှိုင်းများ၏ အရှိန်ကြောင့် ကမ်းရိုးတန်းဒေသများ၊ ကျွန်းစုဒေသများတွင် ရေလွှမ်းမိုးခြင်းကို ခံကြရသည်။ ဆူနာမီ ဒီရေလှိုင်းသည် တစ်နာရီလျှင် မိုင် ၄၀၀ နှုန်းခန့်ဖြင့် ကမ်းခြေသို့ ဝင်ရောက်ရိုက်ခတ်သည်။ ရေလှိုင်းအမြင့်မှာ ပေ ၃၀မှ ပေ ၁၀၀ ခန့်အထိ မြင့်မားတတ်သည်။ လှုပ်ရှားသည့် မြေငလျင်ပြင်းအားပေါ်မူတည်၍ ဒီရေလှိုင်း ရိုက်ခတ်မှု ကြီးမားနိုင်သည်။ လှိုင်းလုံးကြီးများ ဆက်တိုက်ဖြစ်ပေါ်ပြီး ရေလှိုင်းများသည် ကမ်းခြေသို့ ရိုက်ခတ်ရာတွင် လှိုင်းတစ်ခုနှင့်တစ်ခုအကြား တစ်နာရီခန့် ကြာမြင့်တတ်သည်။ ယင်းအရှိန်ကြောင့် ပင်လယ်ဒီရေ ဝင်ရောက်သည့် မြစ်ချောင်းများအတွင်းသို့လည်း ရေများတိုးဝင်လာနိုင်သည်။

## မိုင်ပေါင်းများစွာ

ဒီရေလှိုင်းသည် ပင်လယ်ပြင်တွင် မိုင်ပေါင်း ၁၀၀၀၀ ခန့် အကွာအဝေးအထိ ရောက်ရှိနိုင်သည်။ ၁၉၆၀ ပြည့်နှစ်တွင် ချီလီနိုင်ငံ ကမ်းလွန်ပင်လယ်ပြင်၌ တုန်လှုပ်ခဲ့သည့် အင်အားရစ်ချ်တာစကေး ၉ဒသမ ၅ ရှိ အင်အားအလွန်ပြင်းထန်သော မြေငလျင်ကြီး၏အရှိန်ကြောင့် မိုင်ပေါင်း ၁၀၀၀၀ ကျော်ကွာဝေးသည့် ဂျပန်နိုင်ငံတွင် ဆူနာမီဒီရေလှိုင်းကြောင့် လူပေါင်း ၂၀၀ ကျော် သေဆုံးခဲ့ရသည်။

၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၏အနောက်မြောက်ဘက်မိုင်၁၀၀၀ခန့်အကွာ ပင်လယ်ကြမ်းပြင်ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၉ဒသမ၀ ရှိ အလွန်ပြင်းထန်သော မြေငလျင်ကြီးကြောင့် ပင်လယ်ဒီရေလှိုင်းများသည် သီရိလင်္ကာနိုင်ငံကမ်းခြေ၊ အိန္ဒိယနိုင်ငံကမ်းခြေ၊ အင်ဒိုနီးရှားနိုင်ငံကမ်းခြေ၊ မော်လဒိုက်နိုင်ငံကမ်းခြေ၊ ထိုင်းနိုင်ငံကမ်းခြေအပါအဝင် ကမ်းခြေဒေသများသို့ ဝင်ရောက်ရိုက်ခတ်ခဲ့ရာ လူပေါင်းသောင်းနှင့်ချီ၍ သေဆုံးခဲ့ပြီး လူအများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကာ ပျက်စီးဆုံးရှုံးမှုများစွာရှိကြောင်း သိရှိရပါသည်။

## သတိပြုပါ၊ရှောင်တိမ်းပါ

ဆူနာမီ ဒီရေလှိုင်းသည် ပြင်းထန်သောအရှိန်ဖြင့် ရိုက်ခတ်ခြင်းဖြစ်ရာ ကမ်းခြေရှိ နေအိမ်တိုက်တာ အဆောက်အအုံများ ပြိုလဲပျက်စီးပြီး နေထိုင်သူလူများ အသက်ဆုံးရှုံးကြရခြင်းဖြစ်သည်။ သို့ဖြစ်၍ ကမ်းခြေဒေသများတွင် နေထိုင်သူများ၊ ပင်လယ်တွင် ခရီးသွားလာသူများ၊ ပင်လယ်ငါးဖမ်းလုပ်ငန်း ဆောင်ရွက်ကြသူများ၊ ကမ်းလွန်ရေနံတူးလုပ်ငန်း ဆောင်ရွက်ကြသူများအဖို့ ဆူနာမီ ဒီရေလှိုင်းကို အထူးသတိပြုရန် လိုအပ်ပါသည်။

မြေငလျင်လှုပ်ရှားမည်ကို ကြိုတင်ခန့်မှန်း၍ မရနိုင်သော်လည်း ဆူနာမီကို နာရီပိုင်းမျှ ကြိုတင်သတိပေးရန်အချိန်ရနိုင်သည်။ မြေငလျင်ဟူသည် နေ့ည အချိန်မရွေး လှုပ်ရှားနိုင်သဖြင့် သတိအမြဲရှိရန် လိုအပ်ပေသည်။ ပင်လယ်တွင်း မြေငလျင်ကြီး တုန်လှုပ်ကြောင်း သတင်းရရှိသည်နှင့် ကမ်းခြေဒေသတွင် နေထိုင်ကြသူများ ဘေးလွတ်ကင်းရာနေရာသို့ အမြန်ဆုံး ရှောင်တိမ်းကြရမည်ဖြစ်သည်။ ဆူနာမီသည် အလွန်လျင်မြန်သောနှုန်းဖြင့် ကမ်းခြေသို့ လာရောက်နိုင်သဖြင့် ကြိုတင်ရှောင်တိမ်းနိုင်မှသာ အသက်ချမ်းသာရာရနိုင်ပေမည်။

## လိုက်နာရန်အချက်များ

သို့ဖြစ်၍ ဆူနာမီ ဒီရေလှိုင်းဘေးဒဏ်မှ လွတ်ကင်းနိုင်စေရန် အောက်ပါအချက်များကို သိရှိလိုက်နာရန် လိုအပ်ပါသည်။

### ကမ်းခြေအနီးကုန်းတွင်းပိုင်းတွင်နေထိုင်သူများလိုက်နာရန်

(က) ရေလွတ်ရာ ကုန်းမြင့်ပိုင်းသို့ အမြန်ဆုံးသွားရောက်နိုင်မည့် လမ်းကြောင်းကို ကြိုတင်လေ့လာထားရန်နှင့် မိသားစုဝင်များအား ပြောပြထားရန်၊

(ခ) ကမ်းခြေအနီးရောက်နေပါက ငလျင်လှုပ်ရှားမှုကို သတိပြုမိသည်နှင့် အမြန်ဆုံးဘေးလွတ်ကင်းရာ ကုန်းမြင့်ပိုင်းသို့ ချက်ချင်းသွားရောက်ရန်၊

(ဂ) ကျောင်းတက်ချိန်ဖြစ်ပါက ကျောင်းသူကျောင်းသားများသည် ဆရာ ဆရာမများ၏ ကြီးကြပ်ခေါ်ဆောင်ရာနေရာသို့ အမြန်သွားရောက်ရန်၊

(ဃ) ပင်လယ်တွင်း ငလျင်လှုပ်ကြောင်း သတင်းရသည်နှင့် ဘေးလွတ်ကင်း သည့် နေရာသို့ သွားရောက်ရန်၊ မိနစ်ပိုင်းမျှသာ အချိန်ရ သည်ကို သိထားရန်နှင့် အခြားသူများအားလည်း အသိပေး ပြောပြထားရန်၊

(င) ကမ်းစပ်အနီး အထပ်မြင့်အဆောက်အအုံများ၏ အထက်ပိုင်းအထပ်များသို့ ရှောင်တိမ်းတက်ရောက်ခြင်းမပြုရန်၊

### ပင်လယ်တွင်း လှေသင်္ဘောတို့စီးနင်းရောက်ရှိနေသူများလိုက်နာရန်

ပင်လယ်တွင်း ငလျင်လှုပ်ကြောင်းသတင်းရလျှင်–

(က) အနီးဆုံးကမ်းခြေသို့ ဆိုက်ကပ်၍ ကုန်းမြင့်သို့ အမြန်သွားရောက်ရန်၊

(ခ) ကမ်းခြေသို့ ချက်ချင်းဆက်သွယ်၍ အကူအညီတောင်းခံရန်၊

## မျက်ခြည်မပြတ်စောင့်ကြည့်လျက်ရှိ

မြေငလျင်ကြီး တုန်လှုပ်ခဲ့ခြင်းနှင့် နောက်ဆက်တွဲငလျင်များ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အတွင်း တုန်လှုပ်နေခြင်းအား မြန်မာနိုင်ငံ မြေငလျင်ပညာရှင်များ၊ ဘူမိဗေဒပညာရှင်များ၊ အင်ဂျင်နီယာများက မျက်ခြည်မပြတ် ပူးပေါင်းစောင့်ကြည့်လျက် သက်ဆိုင်ရာ အထက်အာဏာပိုင်အဖွဲ့အစည်းများသို့ အချိန်နှင့်တစ်ပြေးညီအစီရင်ခံကာ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးမှုမှ လျော့နည်းစေရန် အသိပေးဆောင်ရွက်လျက်ရှိနေပါကြောင်း တင်ပြအပ်ပါသည်။ ။






အမှတ် ၄၃၂ ပုဂံလမ်း (၂၀) ရပ်ကွက် ရွှေပေါက်ကံမြို့သစ်နေ ဒုတိယအရာခံဗိုလ် စန်းမောင်(ငြိမ်း)–ဒေါ်ခင်ညိုတို့က နှစ်(၄၀)မြောက် မင်္ဂလာနှစ်ပတ်လည် အလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံ ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက လက်ခံယူစဉ်။ (က–ပ)

# တာမွေမြို့နယ် စာပေနှင့်စာနယ်ဇင်း နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာစည်းဝေး

**ရန်ကုန် ဒီဇင်ဘာ ၂၉**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ တာမွေမြို့နယ် စာပေနှင့်စာနယ်ဇင်းက ကြီးမှူး၍ ၁၃၆၆ ခုနှစ် စာဆိုတော်နေ့အခမ်းအနား စာပေဟောပြောပွဲနှင့် နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ဒီဇင်ဘာ၂၈ ရက် နံနက် ၉ နာရီက တာမွေမြို့နယ် ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)မှ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးတင်ခ (တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင် (သန်းမောင်)၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင် ကော်မတီဝင်များ၊ တာမွေမြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ကွက် ၂၀မှ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်(သန်းမောင်)၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးအောင်ဝင်းသိန်း၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းဥက္ကဋ္ဌ ဦးစိုးအောင်(စိုးအောင်–တိုင်းရင်းဆေးသိပ္ပံ)တို့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)ဥက္ကဋ္ဌ၏ သဝဏ်လွှာကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအတွင်းရေးမှူး ဦးနေလင်း(လူနေလင်း)က ဖတ်ကြားသည်။

အစီအစဉ်အရ စာဆိုတော်နေ့ စာပေဟောပြောပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)က စာပေရေးရာများ ဟောကြားသည်။ **(မြန်မာ့အလင်း)**

# သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်မြို့တော်အား မြို့တော်အင်္ဂါရပ်များနှင့် လျော်ညီစွာ သာယာလှပစေပြီး ပြည်သူများအပန်းဖြေ အနားယူနိုင်ရန် ပန်းခြံများ၊ ကန်ပေါင်များ၊ သစ်ပင်များ၊ မြက်ခင်းများ၊ ပန်းအလှပင်များအား နိုင်ငံတော်ဘဏ္ဍာငွေမှ ငွေကြေးမြောက်မြားစွာ အကုန်အကျခံ၍ တည်ဆောက်ပေးလျက်ရှိပါသည်။

၂။ ပြည်သူများစိတ်နှလုံးချမ်းမြေ့စွာ အပန်းဖြေအနားယူနိုင်ရန် ပန်းခြံများနှင့်ကန်ပေါင်များတွင် မြက်ခင်းများ၊ သစ်ပင်ပန်းခင်းများ၊ ထီးများ၊ ထိုင်ခုံများ၊ တံတားများ၊ မီးလုံး၊ မီးဆိုင်းများနှင့် အခြားလိုအပ်သောပစ္စည်းများအား တပ်ဆင်ထားရှိပါသည်။

၃။ သို့ရာတွင် ပြည်သူများအပန်းဖြေရန်ပြုလုပ်ပေးထားသည့် ပစ္စည်းများအား စည်းကမ်းမဲ့သော ပြည်သူအချို့ကြောင့် ပျက်စီးခဲ့ရပြီး ၂၀၀၃–၂၀၀၄ နှစ်သစ်ကူးကာလရက်များအတွင်း အပျော်လွန်ကဲ၍သော်လည်းကောင်း၊ မူးယစ်ရမ်းကား၍ သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဖျက်ဆီးခဲ့၍ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးဥပဒေပုဒ်မ ၆(၁)အရ တရားခံခုနစ်ဦးအား အရေးယူခဲ့ရပါသည်။

၄။ ထို့ကြောင့် ၂၀၀၄–၂၀၀၅ နှစ်သစ်ကူးရက်များအတွင်း အင်းလျားကန်ပေါင်ရှိ ကမ္ဘာအေးဘုရားလမ်းဘက်ခြမ်းနှင့်ပြည်လမ်းဘက်ခြမ်း နေရာများအား နေ့စဉ်နံနက် ၄ နာရီမှ ည ၉ နာရီအထိသာ အပန်းဖြေအနားယူခွင့်ပြုမည်ဖြစ်ပြီး ကျန်အချိန်များ ပိတ်ထားမည်ဖြစ်ပါသည်။

၅။ ထိုနည်းတူ မြို့တော်သာယာလှပစေရေးအတွက် ပြည်သူများ အပန်းဖြေရန်နှင့် ကျန်းမာရေးလေ့ကျင့်ခန်းများပြုလုပ်နိုင်ရန် ဆောင်ရွက်ထားသည့် လမ်းများ၊ သစ်ပင်များ၊ မြက်ခင်းများ၊ ထီးများ၊ ထိုင်ခုံများ၊ မီးလုံး၊မီးဆိုင်းများ၊ဆိုင်းဘုတ်များ စသည်တို့ကို ပျော်ရွှင်မှုလွန်ကဲ၍သော်လည်းကောင်း၊ မူးယစ်ရမ်းကား၍သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့်သော်လည်းကောင်း ဖျက်ဆီးပါက ယခင်နှစ်များနည်းတူ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**



**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် မွန်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော် ဆောင်ရွက်မည့် ဦးတည်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် သဘာပတိ မွန်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးတင်စိုးမိုးနိုင်က အဖွင့်အမှာ စကား ပြောကြားစဉ်။** (သတင်းစဉ်)

*** ကျော်ဖုံးမှ**

မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ သူနာပြုသင်တန်း သူများ၊ ကြက်ခြေနီနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် လူငယ်မောင်မယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

**သီဆိုဂုဏ်ပြု**

ထို့နောက် အစီအစဉ်များကို ပြည်နယ်ခန်းမဥ္စကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်မောင်မယ်များက **'ရာသက်ပန်ပြည်ထောင်စု'**သီချင်း သီဆိုဂုဏ်ပြု၍ အစည်းအဝေးကို ဖွင့်လှစ်လိုက်သည်။

ယင်းနောက် အစည်းအဝေးကို စတင်ကျင်းပရာ သဘာပတိ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်စိုးမိုးနိုင်က အမှာစကားပြောကြားရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်



**မွန်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါက်တာခင်မောင်သွင်က ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)၌ ချမှတ်ခဲ့သော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်၏ ရှေ့လုပ်ငန်းစဉ် (၉)ရပ်နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြစဉ်။** (သတင်းစဉ်)



**မွန်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဦးဝင်းဗိုလ်က မွန်ပြည်နယ်အတွင်း ဆောင်ရွက်ရန် လျာထားသည့် လက်တွေ့လုပ်ငန်းများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြစဉ်။** (သတင်းစဉ်)



**မွန်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်အိအိစံက ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြစဉ်။** (သတင်းစဉ်)

အစည်းအဝေး(၂၀၀၄)ကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ်၌ နိုဝင်ဘာ ၁၃ရက်မှ ၁၇ရက်အထိကျင်းပခဲ့ရာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယကကြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အမျိုးသားစည်းလုံးညီညွတ်ရေးကို ခိုင်မြဲသည်ထက်ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်သွားမှာ ဖြစ်ကြောင်း အလေးအနက်ပြောကြားခဲ့ပါကြောင်း၊ ထို့ကြောင့် အသင်းကြီးက အမျိုးသားစည်းလုံးညီညွတ်ရေးကို အခိုင်အမာတည်ဆောက်ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန် အစည်းအဝေးကြီးက ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ် အပါအဝင် ဆုံးဖြတ်ချက် နှစ်ရပ်၊ အတည်ပြုခြင်းတစ်ရပ်၊ မှတ်တမ်းတင်ခြင်းသုံးရပ်ကို ချမှတ်ခဲ့ပါကြောင်း။

**အမျိုးသားအင်အားစု**

၁၉၉၃ခုနှစ် စက်တင်ဘာ ၁၅ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကြီးသည် တိုင်းပြည်နှင့် လူမျိုးအတွက် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် အမျိုးသားရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် ခိုင်မာတောင့်တင်းသည့် အမျိုးသားအင်အားစုတစ်ရပ်အဖြစ် တည်ရှိရန် ဖွဲ့စည်းဖြစ်ပေါ်လာခြင်းဖြစ်ပါကြောင်း။

ယခုအခါ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို စတင်အကောင်အထည်ဖော်နေချိန်ဖြစ်ပါကြောင်း၊ မူဝါဒလမ်းစဉ်(၇)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ တစ်ဆင့်ပြီးတစ်ဆင့် ပိုမိုအရေးကြီးလေးနက်လာမည် ဖြစ်ပါကြောင်း၊ အရေးကြီးဆုံးမှာ ပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု ဖြစ်ပါကြောင်း။

**ကျေးလက်ဒေသဖွံ့ဖြိုးရေး**

ယနေ့ကာလသည် နိုင်ငံတော်တစ်ဝန်းလုံး တည်ငြိမ်မှု၊ အေးချမ်းမှု လွှမ်းခြုံလျက်ရှိနေပြီး ဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေး၊ သားငါး၊ သစ်တော၊ စက်မှု လက်မှုစသည့် ကဏ္ဍများတွင်အခြေခံကောင်းများကို ဖန်တီးတည်ဆောက်ပေးထားပြီး ဖြစ်သည့်အပြင် ပညာရေး၊ ကျန်းမာရေး၊ နည်းပညာဘက်တွင်လည်း အခြေခံအဆောက်အအုံများတည်ဆောက်ပေးထားပြီး ဖြစ်ပါကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ဖော်ဆောင်လျက်ရှိပါကြောင်း၊ ယင်းအခြေအနေများသည် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံ ပေါ်ထွန်းရေးအမွေခံပတ်ဝန်းကျင်ကောင်းကို ဖန်တီးတည်ဆောက်ပေးနေခြင်းဖြစ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

**အဆိုပြုဆွေးနွေးတင်ပြ**

ယင်းနောက် မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်အိအိစံက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ဦးတည်ချက်(၇)ရပ် အောင်မြင်စေရန် စွမ်းရည်စွမ်းအားအပြည့်ဖြင့် အင်တိုက်အားတိုက် အကောင်အထည်ဖော်ရေးနှင့်စပ်လျဉ်း၍ အဆိုပြုဆွေးနွေးတင်ပြသည်။

ဆက်လက်၍ မွန်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအလုပ်အမှုဆောင် ဒေါက်တာခင်မောင်သွင်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄)၏ရှေ့လုပ်ငန်းစဉ်(၉)ရပ်အောင်မြင်စေရန် စွမ်းရည်စွမ်းအားအပြည့်ဖြင့် အင်တိုက်အားတိုက်အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ အဆိုပြုဆွေးနွေးတင်ပြသည်။

ထို့နောက် မွန်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဦးဝင်းဗိုလ်က မွန်ပြည်နယ်အတွင်းဆောင်ရွက်ရန် လျာထားသည့် လက်တွေ့လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ အဆိုပြုဆွေးနွေးတင်ပြသည်။

**ထောက်ခံဆွေးနွေး**

ယင်းနောက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄)၏ ဦးတည်ချက်(၇)ရပ် အောင်မြင်စေရန် အကောင်အထည်ဖော်ရေး အဆိုနှင့် ပတ်သက်၍ မော်လမြိုင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း တွဲဖက်အတွင်းရေးမှူး ဦးမင်းရဲထွန်းကလည်းကောင်း၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်အောင်မြင်စေရန် အကောင်အထည်ဖော်ရေးအဆိုနှင့် ပတ်သက်၍



**မုဒုံမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ တပ်စုမှူးဦးအောင်ရဲနိုင်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)



**သထုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်သူရက တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)



**မော်လမြိုင်ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက် အတွင်းရေးမှူး ဦးမင်းရဲထွန်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)

သထုံခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်သူရက လည်းကောင်း၊ မွန်ပြည်နယ်အတွင်း ဆောင်ရွက်ရန် လျာထားသည့် လက်တွေ့လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မည့် အဆိုနှင့် ပတ်သက်၍မုဒုံမြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ တပ်စုမှူး ဦးအောင်ရဲနိုင်က လည်းကောင်း အသီးသီး ထောက်ခံဆွေးနွေးကြသည်။

**ဂုဏ်ပြုဆုများချီးမြှင့်**

ထို့နောက်မွန်ပြည်နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်ရီရီမြင့်၊ အရန်အလုပ်အမှုဆောင် မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ် ဦးစန်းတင့်၊ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင် ဒေါ်ခင်ကြူလှ၊ မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာအုန်းပန်းပွင့်၊ မွန်ပြည်နယ် မီးသတ်ဦးစီးဌာနမှူး ဦးသိန်းလှိုင်၊ မော်လမြိုင်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးတင်ဦး(ငြိမ်း)တို့က ထူးချွန် ကျောင်းသား ကျောင်းသူများနှင့် လူငယ်မောင်မယ်များအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မွန်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ပညာရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လှူဒါန်းငွေများကို မွန်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဦးသန့်ဇင်က ပေးအပ်ရာ မော်လမြိုင်ခရိုင် အတွင်းရှိ မြို့နယ်များအတွက် ငွေကျပ်သိန်း ၁၀၀ ကို မော်လမြိုင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဒေါက်တာတိုးတိုးအောင်ကလည်းကောင်း၊ ရေးမြို့နယ်အတွက် ငွေကျပ်သိန်း ၁၀၀ ကို ရေးမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးကျော်သူရကလည်းကောင်း၊ သထုံခရိုင် အတွင်းရှိ မြို့နယ်များအတွက် ငွေကျပ် သိန်း၁၀၀ကို သထုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးကျော်မြင့်ကလည်းကောင်း လက်ခံကြသည်။

**ဆုံးဖြတ်အတည်ပြု**

ယင်းနောက် သဘာပတိက ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)၏ဦးတည်ချက် (၇)ရပ်၊ ရှေ့လုပ်ငန်းစဉ် (၉)ရပ်နှင့် မွန်ပြည်နယ်အတွင်းဆောင်ရွက်ရန် လျာထားသည့် လက်တွေ့လုပ်ငန်းများ ကို မွန်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် ဆက်လက်၍ အကောင်အထည်ဖော် ဆောင်ရွက်ကြရန် ဆုံးဖြတ်အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အစည်းအဝေးကို ကြွေးကြော်သံများဖြင့် နံနက် ၁၀နာရီ မိနစ်၅၀ တွင် ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

## နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၆၈) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဒီဇင်ဘာ ၂၉**



ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ် ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်း အမှတ်(၆၈)ကို ထုတ်ဝေ ဖြန့်ချိလိုက်သည်။

**(ယာပုံ)**

နောင်၊ ကြည်အောင် (ကေတုမတီ)၊ ကို (တက္ကသိုလ်)၊ မြင်းမူမောင်နိုင်မိုး၊ ကြူကြူသင်း၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ သူရဇော်၊ မောင်စိမ်းနောင် (လယ်ဝေး)၊ ရွှေဟသ်ာ (မန္တလေးတက္ကသိုလ်)၊ ကောင်းညွန့်ဝေ (ရေစကြို)၊ နွေသင်နိုင်တို့၏အဖွင့်ကဗျာများ၊ စောမုံညင်း၊ မကြန်၊ တက္ကသိုလ်တင်ခ၊ မြင့်သိန်းအောင်၊ မြင်းမူမောင်နိုင်မိုး၊ ဒေါက်တာ မတင်ဝင်း၊ ခင်ဆွေမြင့်(မြန်မာစာ)၊ ချစ်နိုင်(စိတ်ပညာ)၊ ဒေါက်တာလှဖေ၊ လှထွန်း (တွံတေး)၊ ယုဝတီခင်ဦး၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ နီငြိမ်း (အညာတက္ကသိုလ်)၊ တင်မြင့်၊ မိုးထက်မောင်မောင်၊ မောင်လွမ်းနွယ်(အောင်လံ)၊ နေဝန်းနီနီ၊ ရွှေဥဩ၊ တင်ဝင်း(ပညာရေး)၊ ညိုအုံ့၊ ကျော်ဇောဟိန်း (ဒေါပုံ)၊ သန်းဝင်းရှိန်၊ တက္ကသိုလ်စိုးယဉ်၊ သန်းလွင်(ရုပ်စောက်)တို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ ခင်မောင်အေး(မန္တလေး)၊ မောင်ဆန္ဒ(လယ်ဝေး)၊ လားရှိုးတိုးမြင့်၊ ချမ်းမြအောင်၊ ဇင်၊ ကျွန်းစဉ်မြေစောခက်၊ မောင်လေးခိုင်၊ ခင်ယုသွေး၊ မောင်လူဝေးတို့၏ဝတ္ထုတိုများ၊ မောင်ဝဏ္ဏ၊ လှထွဋ်ဦး၊ စိုးစံ၊ ကျော်ကျော်လွင်တို့၏ ကာတွန်းများအပြင် ဗုဒ္ဓစာဥယျာဉ်၊ တောခလေ့ စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင်၊ စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ အမျိုးသမီးကဏ္ဍ၊ အားကစားကဏ္ဍ၊ ရုပ်ရှင်ကဏ္ဍ၊ ပုံပြင်ကဏ္ဍ စုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါ မဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားဆိုင်ကြီးများ၊ မန္တလေး၊ ပြည်၊ မကွေး၊ သန်လျင်၊ ကလော၊ တောင်ကြီး၊ မော်လမြိုင်၊ ပျဉ်းမနား၊ ပဲခူး၊ လားရှိုး၊ ဟဲဟိုး၊ ရွှေဘို၊ မအူပင်၊ ကျောက်တန်း၊ ကွမ်းလုံ၊ တန့်ယန်း၊ မူဆယ်၊ ကျိုင်းတုံမြို့နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

**(က–ပ)**

## မြန်မာ့ရုပ်မြင်သံကြား

**၃၀–၁၂–၂၀၀၄(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်

၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်

၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၄။ နံနက်ခင်းသတင်း

၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး

၇:၅၀ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက

၈:၀၀ ၇။ အတီးပြိုင်ပွဲ

၈:၁၀ ၈။ အကပဒေသာ

၈:၂၀ ၉။ ရန်ကုန်တိုင်းမဟာရာရေလှောင်တမံ

၈:၃၀ ၁၀။ International News

၈:၄၅ ၁၁။ Let's Go

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၁၆:၃၀ ၃။ English for Everyday Use

၁၆:၄၅ ၄။ တေးဂီတအစီအစဉ်

၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)

၁၇:၁၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်

၁၇:၃၀ ၇။ **(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်**

၁၇:၄၅ ၈။ **'မပြောမပြီး မတီးမမြည်'** (နေရဲလင်း၊ မောင်မောင်မြင့်၊ ရှင်ဖုန်းအိမ့်ချယ်၊ မိုးဇော်၊ ခိုင်ဆုသွယ်) ဒါရိုက်တာ–မောင်မောင်မြင့်

၁၈:၀၀ ၉။ တေးဂီတအစီအစဉ်

၁၈:၁၅ ၁၀။ နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

၁၈:၃၀ ၁၁။ ညနေခင်းသတင်း

၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ

၁၉:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **'လူချွန်လူကောင်း'** (အပိုင်း–၄၁)

၁၉:၃၀ ၁၄။ (၂၂)ကြိမ်မြောက် အာဆီယံ အင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ် ညီလာခံ

၁၉:၄၀ ၁၅။ **အချုပ်အခြာအာဏာ ခွန့်ရှည်ကြာ ခိုင်မာစေမှု ဒို့ရေးရှု 'ကျေးလက်ပညာ ဝေဆာဖွံ့ဖြိုးတိုးတက်သာယာ ပြည်မြန်မာ'**

၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ မြန်မာဗီဒီယိုဇာတ်လမ်း **'ဓား' (အပိုင်း–၁) (ကျော်သူ၊ နေထက်လင်း၊ မေသန်းနု) ဒါရိုက်တာ–ခင်စောမျိုး**

**စာမျက်နှာ ၆ မှ**

မုန်းချောင်း ရေလှောင်တမံမှာ မြေသားတမံ (ဇုန်အမျိုးအစား)ဖြစ်သည်။ ပင်မတမံအလျားပေ ၄၃၂၀၊ ကုန်းကျောတမံ (၁)အလျားပေ ၇၄၀၊ ကုန်းကျောတမံ (၂) အလျားပေ ၁၃၄၀ရှိပြီး တမံအမြင့်မှာပေ ၂၀၀ဖြစ်သည်။ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၆၇၄၄၀၀ ဖြစ်သည်။ ဆည်ရေပေးနိုင်မည့် ဧကမှာ ၁၀၈၀၀၀ ဖြစ်သည်။

**ဓာတ်အား၇၅မဂ္ဂါဝပ်**

မုန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှာ အလျား ၂၅၈ပေ၊ အနံ ၁၂၈ပေ၊ အမြင့်ပေ ၁၁၀ရှိသည်။ စက်ရုံ၌ တာဘိုင်စက်သုံးလုံး တပ်ဆင်ထားသည်။ တာဘိုင်စက်တစ်လုံးလျှင် ၂၅ မဂ္ဂါဝပ်ထွက်ရှိရာ လျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ်ထုတ်ယူရရှိမည်ဖြစ်သည်။

**ရှင်းလင်းတင်ပြ**

မုန်းချောင်းဘက်စုံ ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက မုန်းချောင်းရေလှောင်တမံအဆင့်ဆင့် တည်ဆောက်ရေးစီမံကိန်းများအနက် မုန်းချောင်း ဘက်စုံရေလှောင်တမံကို အောင်မြင်စွာတည်ဆောက်ပြီးစီး ဖွင့်လှစ်နိုင်ခဲ့မှု၊ ဖူးရှာ ရေလှောင်တမံ စီမံကိန်းနှင့် ကြီးအုံ-ကြီးဝရေလှောင်တမံစီမံကိန်းတို့ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ဖူးရှာနှင့် ကြီးအုံ-ကြီးဝရေလှောင်တမံစီမံကိန်းများမှ ထုတ်ယူရရှိမည့် ရေအားလျှပ်စစ်အခြေအနေများနှင့် ဆည်မြောင်းဦးစီးဌာနနှင့်အတူ ရေအားလျှပ်စစ်ဦးစီးဌာနက ကဏ္ဍအလိုက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဟန်ချက်ညီညီအကောင်အထည်ဖော်**

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ မုန်းချောင်းဘက်စုံရေလှောင်တမံကြီးကို ဖွင့်လှစ်နိုင်ပြီဖြစ်ရာ ဆက်လက်ဆောင်ရွက်ရမည့် ရေအားလျှပ်စစ်စီမံကိန်းများနှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့က ညှိနှိုင်းပူးပေါင်း၍ ဟန်ချက်ညီညီ အကောင်အထည်ဖော်သွားကြရန်လိုကြောင်း၊ နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးအတွက် လိုအပ်နေသော လျှပ်စစ်ဓာတ်အားကို တိုးတက်ဖြည့်ဆည်းပေးနိုင်ရေးအတွက် တွန်းအားပေးဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ တည်ဆောက်ပြီးသော ဆည်တမံများ၏ ဆည်ရေသောက်ဧရိယာ၌ ဖြစ်ထွန်းအောင်မြင်မည့် သီးနှံပုံစံကို စနစ်တကျညှိနှိုင်းတွက်ချက် ချမှတ်ပေးနိုင်ရန်အရေးကြီးကြောင်း၊ ဆည်ရေကို အထိရောက်ဆုံးအသုံးပြုနိုင်ရန်လိုကြောင်းဖြင့် မှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မုန်းချောင်းဘက်စုံရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပုဂံ-ညောင်ဦးသို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြပြီး ထိုမှတစ်ဆင့် မြန်မာ့လေကြောင်းလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကျပန်းစကားပြောပြိုင်ပွဲနှင့်စာစီစာကုံးပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၂၉

**ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးက ကျင်းပသည့် စတုတ္ထအကြိမ် အင်္ဂလိပ်ဘာသာဖြင့် ကျပန်းစကားပြောပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ၂နာရီတွင် မင်္ဂလာဒုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းသူရိယခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်က အမှာစကားပြောကြားသည်။

**ဆုချီးမြှင့်**

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်က ဆရာ ဆရာမများ အင်္ဂလိပ်ဘာသာကျပန်းစကားပြောပြိုင်ပွဲ၌ ဆုရရှိပြီးအဆင့်တွင် ပထမဆုရ ပုသိမ်မြို့ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းမှ ဒေါ်နန်းယဉ်ယဉ်မူ၊ ဒုတိယဆုရ ဗထူးတပ်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ ဒေါ်နီနီသန်းနှင့် လူသစ်တန်းအဆင့်တွင် ပထမဆုရ မင်္ဂလာဒုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ဒေါ်လွင်သန္တာ၊ ဒုတိယဆုရ ပုသိမ်မြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ဒေါ်သန်းသန်းဦး၊ တတိယဆုရ ကျိုင်းတုံမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ဒေါ်ခင်အေးသန်းတို့အားလည်းကောင်း၊ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်ဘာသာကျပန်းစကားပြောပြိုင်ပွဲ၌ ဒသမတန်းအဆင့်တွင် ပထမဆုရ မင်္ဂလာဒုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ မခိုင်လွင်လွင်ကျော်၊ ဒုတိယဆုရ တောင်ကြီးမြို့ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းမှ မနော်ထွေးထွေးချစ်၊ တတိယဆုရ သံတောင်မြို့အခြေခံပညာအထက်တန်းကျောင်း(ဘုရင့်နောင်)မှ မဌေးစန္ဒာဝင်းနှင့် နဝမတန်းအဆင့်တွင် ပထမဆုရ မင်္ဂလာဒုံမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ မခင်ဆွေနိုင်၊ ဒုတိယဆုရ ဗထူးတပ်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ မောင်ထက်မြက်သူ၊ တတိယဆုရ မော်လမြိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း(ရွှေနတ်တောင်)မှ မနွယ်စန်းအောင်တို့အားလည်းကောင်း၊ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ် စာစီစာကုံးပြိုင်ပွဲ၌ နဝမတန်းအဆင့်တွင် ပထမဆုရ ပြင်ဦးလွင်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ မောင်စည်သူဝင်း၊ ဒုတိယဆုရ ဗထူးတပ်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ မဆုမွန်ထွေး၊ တတိယဆုရ မော်လမြိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း(ရွှေနတ်တောင်)မှ မဖြိုးပပမြိုင်နှင့် အဋ္ဌမတန်းအဆင့်တွင် ပထမဆုရ မင်္ဂလာဒုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မသက်ထားပိုင်၊ ဒုတိယဆုရ တောင်ငူမြို့ အခြေခံပညာအထက်တန်းကျောင်း (နတ်စင်ကုန်း)မှ မောင်ဝင်းမင်းထွန်း၊ တတိယဆုရ အမ်းမြို့ အခြေခံပညာအထက်တန်းကျောင်းမှ မောင်စွမ်းပြည့်တို့အားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ပြီး ပြိုင်ပွဲများတွင် အကဲဖြတ်ပေးခဲ့ကြသော ပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်သည်။

ယင်းနောက် ပညာရေးတက္ကသိုလ် (ရန်ကုန်)မှ ပါမောက္ခ ဒေါ်မေကျော်မြင့်နှင့် တပ်မတော်ဆေးတက္ကသိုလ်မှ ကထိက/ဌာနမှူး ဦးထွန်းအောင်ကျော်တို့က ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်ဖြေဆိုမှုများနှင့် စပ်လျဉ်း၍ သုံးသပ်ဆွေးနွေး အကြံပြု ပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ဆရာ ဆရာမများ အင်္ဂလိပ်ဘာသာ ကျပန်းစကားပြောပြိုင်ပွဲ၌ဆုရရှိပြီးအဆင့်တွင် လေးဦး၊ လူသစ်တန်း အဆင့်တွင် ၂၂ဦး၊ ကျောင်းသားကျောင်းသူများ အင်္ဂလိပ်ဘာသာ ကျပန်းစကားပြောပြိုင်ပွဲ၌ ဒသမတန်းအဆင့်နှင့် နဝမတန်းအဆင့်တို့တွင် ၄၂ဦး၊ ကျောင်းသားကျောင်းသူများ အင်္ဂလိပ် စာစီစာကုံးပြိုင်ပွဲ၌ နဝမတန်းအဆင့်နှင့် အဋ္ဌမတန်းအဆင့်တို့တွင် ၄၃ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲများကို ဒီဇင်ဘာ ၂၇ရက်နှင့် ၂၈ရက်တို့တွင် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဒဂုံ(တောင်ပိုင်း)၇၁ရပ်ကွက် ဆရာတော်ကြီးများပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၇၁)ရပ်ကွက် ဆဋ္ဌမအကြိမ်မြောက် တိပိဋကရေတိပိဋကကောဝိဒ ဆရာတော်ကြီးများပူဇော်ပွဲ အစီအစဉ်အဖြစ် ဇန်နဝါရီ ၁ ရက်တွင် ရမ္မာဝတီဆရာတော်ဘဒ္ဒန္တ ဣန္ဒပါလ၊၂ရက်တွင် စွန်းလွန်းဂူဆရာတော် အရှင်သုန္ဒရ၊ ၃ရက်တွင်မြင်းခြံဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ၊ ၄ရက်တွင် မြင်းမူဆရာတော် ဘဒ္ဒန္တ ဝံသပါလာလင်္ကာရ၊ ၅ရက်တွင်မော်ကျွန်းဆရာတော်ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ၊၆ရက်တွင် ရေစကြိုဆရာတော်ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသ၊ ၇ ရက်တွင် တိပိဋကမဟာဂန္ဓာရုံဆရာတော် ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ၊ ၈ရက်တွင် ယောဆရာတော်ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ၊ ဇန်နဝါရီ ၉ရက် နံနက်၁၀နာရီတွင် ဆရာတော်ကြီးများစုံညီဆွမ်းကပ်ခြင်း၊ဓမ္မပူဇာဝတ္ထု ကပ်လှူရေစက်ချပွဲနှင့် ယင်းနေ့ည ၇နာရီတွင် အင်းစိန်မြို့နယ် အောင်ဆန်းတောရတပ်ဦးကျောင်းတိုက် ပဓာနနာယကမဟာကမ္မဋ္ဌာနာစရိယဆရာတော်ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရက ပရိတ်တရားတော်များချီးမြှင့်ပြီး ဇန်နဝါရီ ၁၀ရက်တွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်ရှိ ကျောင်းတိုက်များမှ ကျောင်းထိုင်ဆရာတော်များအား အရုဏ်ဆွမ်းကပ်လှူခြင်းများပြုလုပ်မည်ဖြစ်ရာ တရားနာယူနိုင်ရန်ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

## အမျိုးသားအမျိုးသမီး ရေကူးပြိုင်ပွဲဆုချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၅ခုနှစ် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် လူရွေးပွဲနှင့် အမျိုးသား အမျိုးသမီး တံခွန်စိုက်ရေကူးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ရက် ညနေ၃နာရီမှစ၍ အမျိုးသား ရေကူးကန်တွင် ကျင်းပသည်။

ဆုချီးမြှင့်ရာတွင် အားကစားဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးချိုမောင်နှင့်အမှုဆောင်များ၊ တာဝန်ရှိသူများက အမျိုးသား အမျိုးသမီး ပြိုင်ပွဲ ၁၇ခု၌ ဆုရရှိကြသော အားကစားမောင်မယ်များအား ဆုတံဆိပ်နှင့်ငွေသားများ ချီးမြှင့်သည်။

ပြိုင်ပွဲတွင် ရန်လင်းအောင် (သစ်တော)ကအမျိုးသားပြိုင်ပွဲ၌ စံချိန်သစ်တစ်ခုတင်ခဲ့သည်။အမျိုးသား မီတာ၁၀၀ လိပ်ပြာကူးပြိုင်ပွဲတွင် ၂၀၀၃ခုနှစ်က ၎င်းကိုယ်တိုင်တင်ထားသည့် စံချိန်၁မိနစ်၀၀ဒသမ၄၄စက္ကန့်ကို ၀မိနစ်၅၉ဒသမ၁၆စက္ကန့်ဖြင့် စံချိန်ချိုးခဲ့ခြင်းဖြစ်သည်။ **(မြန်မာ့အလင်း)**

**ဒီဇင်ဘာ၂၉ရက်က ၂၀၀၄ ခုနှစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဖလား လက်ဖွေ့တံခွန်စိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲတွင် လက်ဖွေ့တံခွန်စိုက်ဆုရရှိသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်အသင်းအား တံခွန်စိုက် ဆုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ဒုတိယရဲချုပ်ဗိုလ်မှူးကြီးဇော်ဝင်း ပေးအပ်ချီးမြှင့်စဉ်။** (ရဲတပ်ဖွဲ့)



## အာဆီယံတိုက်ဂါးဖလားအကြိုဗိုလ်လုပွဲစဉ် ပထမအကျော့၌ စင်ကာပူအသင်းအနိုင်ရရှိ




**ရန်ကုန် ဒီဇင်ဘာ ၂၉**

(၅)ကြိမ်မြောက်အာဆီယံတိုက်ဂါးဖလား (Tiger Cup) ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်အဖြစ် ယနေ့ညနေပိုင်းက မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ ဘူကစ်ဂျာလီအားကစားကွင်း၌ မြန်မာအသင်းနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားရာ စင်ကာပူအသင်းက လေးဂိုး-သုံးဂိုးဖြင့်အနိုင်ရရှိသွားသည်။

စင်ကာပူအသင်းအတွက် ပွဲချိန်မိနစ်၂၀တွင် ဒယ်နီယယ်ဘားနတ်က ဦးဆောင်ဂိုးသွင်းယူပေးသည်။ မြန်မာအသင်းအတွက် ပွဲချိန်၃၃မိနစ်တွင် စိုးမြတ်မင်းက ချေပဂိုးသွင်းယူသည်။ မြန်မာအသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၃၅မိနစ်တွင် အလွတ်တည်ကန်ဘောမှတစ်ဆင့် မင်းသူက တိုက်ရိုက် ကန်သွင်းယူသည်။ စင်ကာပူအသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၃၈မိနစ်တွင် ကက်ရှ်မီးယားက သွင်းယူပေးသဖြင့် ပထမပိုင်းအပြီးတွင် နှစ်ဂိုးစီ သရေကျနေသည်။

စင်ကာပူအသင်းအတွက်တတိယဂိုးကို ပွဲချိန်၆၃မိနစ်တွင် အလန်ရှားက သွင်းယူပြီး စတုတ္ထဂိုးကို ပွဲချိန် ၈၅ မိနစ်တွင် အလွတ်တည်ကန်ဘောမှ တစ်ဆင့် ကျလာသောဘောလုံးကို ကက်ရှ်မီးယားက လမ်းကြောင်းပြောင်းလဲသွင်းယူသည်။ မြန်မာအသင်းအတွက် တတိယဂိုးကို ပွဲချိန်၉၁မိနစ်တွင် အသင်းခေါင်းဆောင် စိုးမြတ်မင်းက သွင်းယူသည်။

**ဒုတိယအကျော့**

မြန်မာအသင်းနှင့်စင်ကာပူအသင်းတို့သည် ဒုတိယအကျော့ပွဲစဉ်အဖြစ် ၂၀၀၅ခုနှစ် ဇန်နဝါရီ၂ရက်တွင် စင်ကာပူနိုင်ငံ အမျိုးသားအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

## အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

၂၀၀၄ခုနှစ် ဒီဇင်ဘာ၂၉ရက် မြန်မာစံတော်ချိန် ၀၃နာရီ ၃၂ မိနစ် ၂၇စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ တောင်ဘက် ၁၁မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်းနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ဒသမ၀ အဆင့်ရှိအင်အားအနည်းငယ်ရှိသော မြေငလျင် တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၄၀)ရပ်ကွက် စာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၁၉ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်လွင် အမှာစကားပြောကြားစဉ်။**
(က-ပ)



## မြဝတီရုပ်မြင်သံကြား

**၃၀-၁၂-၂၀၀၄**

**(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄း၂၅ ၅။ မြန်မာသံစဉ် ချိုနားဝင်
၄း၃၅ ၆။ ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၄း၄၅ ၇။ ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၄း၅၅ ၈။ မျိုးချစ်တပ်မတော်
၅း၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု Permutations (ပထမနှစ်) စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ
၅း၃၅ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၆။ **(ထူးခြားသောကလေးငယ်)** ကာတွန်းဇာတ်လမ်း
၆း၅၀ ၁၇။ လျှပ်တစ်ပြက်
၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **'ကြယ်တစ်ပွင့်ရဲ့ ဒိုင်ယာရီ'** (အပိုင်း-၁၂)
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၂၁။ မြန်မာ့ရှုခင်း
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **'ပညာဉာဏ်ကြီး ဘုန်းမီးနေလ'** (အပိုင်း-၈)





# တောင်သူဦးကြီးများ လိုအပ်ချက်ဖြည့်ဆည်းပေးမည် နွေစပါးဖြစ်ထွန်းအောင်မြင်ရေး ဝိုင်းဝန်းဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၂၉

**ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် ဦးစီးအရာရှိများလိုက်ပါလျက် ဒီဇင်ဘာ ၂၅ ရက် နံနက် ၈ နာရီက မိုင်းဇင်းကျေးရွာသို့ ရောက်ရှိခဲ့ပြီး ကွင်းအမှတ် (၁၀၆) မိုင်းဇင်းကွင်းတွင် နွေစပါးစိုက်ကွက်များ လက်တွန်းထွန်စက် ဖြင့် ထွန်ယက်နေမှုများ၊ ရွှေရင်အေး နွေစပါးအတန်းလိုက်စိုက်ပျိုးနေမှုများကိုလည်းကောင်း၊ ကွင်းအမှတ်(၁၁၇) ဝမ်ပုံကွင်းတွင် ရွှေရင်အေးနှင့် ဆင်းရွှေဝါ နွေစပါးစိုက်ပျိုးထားရှိမှုများကိုလည်းကောင်း ကြည့်ရှုအားပေးပြီး** (အပေါ်ပုံ) **တောင်သူဦးကြီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် မိုင်းဇင်းကွင်းနှင့် ဝမ်ပုံကွင်း နွေစပါးစိုက်ပျိုးရေးလုပ်ငန်းအတွက် တည်ဆောက်ထားသော နန့်ကွတ်ရေလှောင်ဆည်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လက်ရှိရေလှောင်ဆည်တာပေါင်များအား ထပ်မံအမြင့်ဖို့ရေး၊ စိုက်ပျိုးရေ အပြည့်အဝရရှိရေး၊ ရေလွှတ်မြောင်းမများအား အောက်ခြေကြမ်းပြင်မြေများ ဖယ်ထုတ်ရေး၊ အောင်ရေရရှိရေးအတွက် ရေများသိုလှောင်ထိန်းသိမ်းရေး ပြင်ဆင်ဆောင်ရွက်ရန် မှာကြားသည်။

**ဖြည့်တင်း**

ထို့နောက်တိုင်းမှူးသည် မိုင်းဇင်းမှ ယန်းလောကျေးရွာအုပ်စု ကတ်ထိုင်းရွာအနီး ကွင်းအမှတ်(၈၀) ဝမ်မောက်ကွင်းသို့ရောက်ရှိပြီး ရွှေရင်အေး နွေစပါး တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကာ ပေါင်ကွက် ၁၇၀၀၀၀ ပြည့်မီအောင် စိုက်ပျိုးရေး၊ ဓာတ်မြေဩဇာသုံးစွဲရေး မှာကြားပြီး အောင်ရေရရှိရေးအတွက် တောင်သူဦးကြီးများ၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှုများမှာ အမျိုးသားစီမံကိန်းလုပ်ငန်းဖြစ်သဖြင့် နွေစပါးစိုက်ပျိုးဖြစ်ထွန်းအောင်မြင်ရေးအတွက် ဘက်စုံထောင့်စုံမှ ဝိုင်းဝန်းဆောင်ရွက်ရန်လိုကြောင်း မှာကြားခဲ့သည်။ **(သတင်းစဉ်)**

# ပူဇော်ပွဲနှင့်တရားပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ဖျာပုံမြို့ မြောက်ပိုင်း(၄)ရပ်ကွက် မဟာပုညာရာမတိုက် မင်းကျောင်းဆရာတော်ကြီးဘဒ္ဒန္တပညာဝံသမထေရ် အရှင်သူမြတ်အား အောက်မေ့သတိရသောအားဖြင့် ပူဇော်ပွဲကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ၃ရက်တွင်ကျင်းပမည်ဖြစ်ရာ ယင်းပူဇော်ပွဲ၌ ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဓမ္မကထိက အောင်စကြာအရှင်စန္ဒာသီရိ(ဓမ္မာစရိယ)က ဇန်နဝါရီ ၂ရက်မှ ၄ရက်အထိ ညစဉ် သစ္စာတရားများ မဟာပုညာရာမတိုက် ဓမ္မဗိမာန်တော်ကြီး၌ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

# သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ ဆုပေး

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ၂၀၀၅ ခုနှစ်(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို (၁၅)ကြိမ်မြောက် သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် စက်မှု(၁)လမ်းနှင့် ရန်ရှင်းလမ်းထောင့်ရှိ ရန်ကင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မိမိခင်က သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက သားကောင်းမိခင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုများရရှိသည့် မိခင်များနှင့် စံပြကလေးငယ်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။ **(သတင်းစဉ်)**

# ယာဉ်မောင်းသူများလိုက်နာရန်

ရန်ကုန်မြို့တော်အတွင်း မောင်းနှင်သွားလာလျက်ရှိသော ယာဉ်မောင်းသူများသည် လူကူးမျဉ်းကျားမရောက်မီ ယာဉ်ကိုအရှိန်လျှော့မောင်းနှင်ရန်နှင့် မီးပွိုင့်လမ်းဆုံများအနီးအရောက်တွင်လည်း ယာဉ်ကိုအရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။ လူကူးမျဉ်းကျားတွင်လမ်းကူးနေသူများ မီးပွိုင့်ဧရိယာအတွင်း လူကူးရန်သတ်မှတ်ထားသည့် နေရာများတွင် လမ်းကူးနေသူများရှိပါက ယာဉ်ရပ်တန့်ပေးကြရန်နှင့် ရပ်တန့်မပေးဘဲ အတင်းမောင်းဝင်၍ ယာဉ်တိုက်မှုဖြစ်ပွားလာပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။**

# ရွှေစင်သက်န်း၊ လှူဒါန်းစေတီ၊ နိဗ္ဗာန်ရည်

ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းရပ်ကြီးများမှ အစဉ်အလာအရ ပြုမြဲဒါနဖြစ်သော ရွှေတိဂုံစေတီတော်၏ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ရေးလုပ်ငန်းရပ်ကြီးကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့မှ စတင်၍ ဆောင်ရွက်မည်ဖြစ်ပါသည်။

ရှေးနှစ်ပေါင်း ၂၅၀၀ ကျော်ကတည်းက တည်ထားကိုးကွယ်ခဲ့သည့်

မြန်မာနှင့် ကမ္ဘာတစ်ဝန်းဗုဒ္ဓဘာသာဝင်တို့၏ အမွန်အမြတ်သာသနာ့အောင်လံတော်

လေးဆူဓာတ်တော် ကိန်းဝပ်စံပယ်တော်မူ၍ နေတစ်ဆူ လတစ်မင်းလို ထွန်းလင်းတောက်ပတော်မူသော ရွှေတိဂုံစေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေစင်ရွှေပြား ရွှေသားသင်္ကန်းနှင့် ရွှေဆိုင်း၊ ရွှေမျက်ပါးသင်္ကန်းတော်များ ကပ်လှူရောင်တော်ဖွင့် ပူဇော်မည်ဖြစ်ပါသည်။

နှစ်စဉ်နှစ်တိုင်း လှူဒါန်းခွင့်မဆုံ ကြုံတောင့်ကြုံခဲဒါနပွဲကြီးဖြစ်ပါသည်။

အနည်းဆုံး ငါးနှစ်ကျော်တစ်ကြိမ်မျှသာ ပြုရခဲသည့် ရွှေတောင်ကြီးပမာ မဟာအလှူပွဲကြီးဖြစ်ပေသည်။

အခွင့်သာဆဲ ရခဲလှသော ကုသိုလ်အမျှ မြတ်ဒါနကို မပြုလိုက်ရ မရှိရအောင် နိဗ္ဗာန်ရည်မျှော်နှိုးဆော်ပါသည်။

ရွှေစင်ရွှေပြား မြတ်ရွှေသားနှင့် ရွှေဆိုင်းမျက်ပါးသင်္ကန်းများကို ပွားများသဒ္ဒါ ဖြိုးလျှံစွာဖြင့် ပူဇော်နိုင်ပါပြီ . . .

**"ရွှေလှူလျှင်ရွှေလိုလှ ဘဝအာနုဘော်**
**နောင်သံသရာလိုတာရ ဒါနသာဓုခေါ်**
**မြတ်သောရွှေပြည် အဆုံးသတ် နိဗ္ဗာန်ဝင်စံပျော်**
**သဒ္ဓါယိုဖိတ် ကြည်ညိုစိတ်ဖြင့် လှူဒါန်းကြပါသော်ဝ် . . ."**

ရွှေဆိုင်း၊ ရွှေမျက်ပါး (၁ X ၁)ပေ ၄၇၅၀ ကျပ်
ရွှေစင်ရွှေပြား (၁ X ၁)ပေ ၅၈၅၀၀၀ ကျပ် (၃/သား)

**လှူဒါန်းနိုင်သောအချိန်**

**၁–၁–၂၀၀၅ ရက်မှစ၍ နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ**

**ဆက်သွယ်လှူဒါန်းရန်လိပ်စာ**

**ဂေါပကအဖွဲ့၊ ရွှေတိဂုံစေတီတော်**
**ဖုန်း–၂၅၁၈၅၁**

**ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ**
**ပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီ။**

# အမှတ်(၁)တာယာနှင့်ရော်ဘာပစ္စည်းစက်ရုံ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် စစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၉

**အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၂၆ ရက်တွင် မွန်ပြည်နယ် သထုံမြို့နယ်ရှိ မြန်မာ့တာယာနှင့်ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၏ အမှတ်(၁)တာယာနှင့်ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ(သထုံ)သို့ရောက်ရှိပြီး တာယာစက်ရုံ၌ စက်ပစ္စည်းများတိုးချဲ့တပ်ဆင်ထားရှိမှု၊ မော်တော်ယာဉ်တာယာများနှင့် စက်ဘီးတာယာများထုတ်လုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးဇွန်းနှင့် စက်ရုံအထွေထွေမန်နေဂျာဦးမြင့်နိုင်တို့က ရှင်းလင်းတင်ပြကြသည်။**

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စောလွင်က တာယာများကို စက်စွမ်းအားပြည့်ထုတ်လုပ်ရေး၊ အရွယ်အစားမျိုးစုံ ထုတ်လုပ်ရေး၊ ထုတ်လုပ်မှုလျာထားချက်များ ပြည့်မီစေရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ကုန်ကြမ်းများ ဖြည့်တင်းထားရှိရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လျှပ်စစ်ဓာတ်အားနှင့် စက်သုံးဆီများကို အလေအလွင့် မဖြစ်အောင် စနစ်တကျ သုံးစွဲရေးမှာကြားသည်။

ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် ဒီဇင်ဘာ၂၇ ရက်တွင် ကျိုက်ထိုမြို့နယ်ရှိ မရမ်းကုန်းရော်ဘာခြံသို့ရောက်ရှိပြီး ရော်ဘာခြံအတွင်း ရော်ဘာစေးခံခြင်းလုပ်ငန်း၊ ရော်ဘာများကို အမျိုးအစားအလိုက် ခွဲခြားထုပ်ပိုးခြင်းလုပ်ငန်း၊ ရော်ဘာပင်များ စိုက်ပျိုးထားရှိမှုနှင့် ရော်ဘာစေးထုတ် လုပ်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ကြိုတင်ကာကွယ်**

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စောလွင်က ရော်ဘာခြံများ အနေဖြင့်ခြံအလိုက် ထုတ်လုပ်မှုလျာထားချက်များ ပြည့်မီအောင် ထွက်ရှိစေရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ထုတ်လုပ်သည့် ရော်ဘာများ အရည်အသွေးပြည့်မီရေး၊ ရော်ဘာများ ထုတ်လုပ်မှုနှုန်း တိုးမြှင့်ဆောင်ရွက်ရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကိစ္စရပ်များကို မှာကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စာပေဝတ်ရည်စာကြည့်တိုက် စာပေဟောပြောပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ပဒတ္တိုင်းကျေးရွာ စာပေဝတ်ရည်စာကြည့်တိုက်ဖွင့်လှစ်ခဲ့သည့် တစ်နှစ်ပြည့် အထိမ်းအမှတ် စာအုပ်လှူဒါန်းပွဲနှင့် စာပေဟောပြောပွဲ အခမ်းအနားကို ပဒတ္တိုင်းကျေးရွာတွင် ဒီဇင်ဘာ ၂၄ ရက် ည ၇ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်မြို့ ရေကျော်ရပ်ကွက်နေ ဦးဌေးမောင်ဒေါ်အုန်းကြည်မိသားစုကလှူဒါန်းသော ဂျာနယ်၊ မဂ္ဂဇင်းစောင်ရေ ၁၀၀ ကို အလှူရှင်များကိုယ်စား အရှင်နန္ဒက က စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စာရေးဆရာများဖြစ်ကြသော မြင်းမူမောင်နိုင်မိုး၊ အဏ္ဏဝါစိုးမိုး၊ ကံထွန်းသစ်၊ မောင်မောင်(မုံရွာ)တို့က စာပေရေးရာများ ဟောပြောကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# တတိယအကြိမ် ICT ပြပွဲ(မန္တလေး) ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

မြန်မာနိုင်ငံ သတင်းနှင့်အချက်အလက်ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်ဖြင့် တစ်နိုင်ငံလုံး တစ်ပြေးညီတိုးတက်စေရန်အတွက် ကွန်ပျူတာလုပ်ငန်းရှင်အသင်း(မန္တလေး)နှင့် ကွန်ပျူတာပညာရှင်အသင်း(မန္တလေး)တို့ကကြီးမှူး၍ တတိယအကြိမ် ICT Exhibitionပြပွဲကို ဇန်နဝါရီ ၇ရက်မှ ၉ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ မန္တလေးမြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရွှေလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေး ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၁ ရက်၌နေရာပြောင်းကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း၏ ဒုတိယအကြိမ် အသင်းသားစုံညီနှစ်ပတ်လည်အစည်းအဝေးကို ၂၀၀၅ခုနှစ် ဇန်နဝါရီ ၁ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) အစည်းအဝေးခန်းမ၌ကျင်းပမည့်အစား ဒဂုံမြို့နယ် အလုံလမ်း အမှတ် ၃၅၀ ရှိ ဆန်းမစ်ပတ်ဗျူးဟိုတယ် Ball Room သို့ ပြောင်းရွှေ့ကျင်းပမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအားလုံး မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

## ချေးငွေလုပ်ငန်းဆိုင်ရာ သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမြန်မာ့စီးပွားရေးဘဏ်ချေးငွေလုပ်ငန်းများဆိုင်ရာ သင်တန်း (ကြီးကြပ်ဝန်ထမ်းများ) အမှတ်စဉ် (၂/၂၀၀၄) သင်တန်းဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ၂၄ရက်က ပန်းဆိုးတန်းလမ်းရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ (၁) သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး ဆန်းထွန်း အမှာစကားပြောကြားသည်။ **(က-ပ)**

## လပွတ္တာမြို့နယ်အသင်း သက်ကြီးပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

လပွတ္တာမြို့နယ်အသင်း (ရန်ကုန်)က ကြီးမှူးကျင်းပသည့် နှစ်ပတ်လည် ညီလာခံတွင် အသက် (၈၀)နှင့်အထက် အသင်းသူ အသင်းသားများနှင့် အသင်းဝင် မိဘများအား ပူဇော်ကန်တော့ကြပြီး ၂၀၀၃-၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်တန်းနှင့် တက္ကသိုလ်မှ ဂုဏ်ထူးရအသင်းသားများ၏ ကျောင်းသားကျောင်းသူများနှင့် နိုင်ငံတော်မှ ချီးမြှင့်ဂုဏ်ပြုခံရသူ မြို့နယ်သူ မြို့နယ်သားများအား ၂၀၀၅ခုနှစ် ဇန်နဝါရီ ၁၆ရက် နံနက်၈နာရီမှ မွန်းတည့် ၁၂နာရီအထိ နှင်းဆီကုန်း ဘိုးဘွားရိပ်သာတွင် ဆုနှင်းသဘင်ပွဲကျင်းပမည်ဖြစ်သည်။

အသက်ပြည့် အကန်တော့ခံမည့်သူများ၊ ဂုဏ်ထူးရရှိသူများနှင့် လှူဒါန်းလိုသူ အလှူရှင်များသည် အသင်းတည်ရှိရာ အမှတ် ၆၃ ဘုန်းကြီးလမ်း ဖုန်း-၂၂၂၀၈၈ သို့ ၂၀၀၅ခုနှစ် ဇန်နဝါရီ၁၀ရက် ညနေ၄နာရီအရောက် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

TECH
☎ 705702, 539531, 505986




KMD Computer Centre

NEW YEAR SALES
( 30.12.2004 မှ 3.1.2005 အထိ )
AMBUR ELECTRONIC SHOWROOM
NEW YEAR PRESENT
★ ငွေကျပ် ၃၀၀၀ဝိ/-ဖိုးနှင့် အထက်ဝယ်ယူပါက Hair Dryer ဝယ်ယူခွင့် ★
Display Set များကိုလည်း ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးပါမည်။
No. 178, Bo Aung Kyaw Street, Yangon. Ph: 252207-10, 245408, 245437

ဂုဏ်ထူးလက်ဆောင် ထွက်ပြီ
၂၀၀၅ ခုနှစ်၊ တက္ကသိုလ်ဝင်တန်း ဘာသာစုံ စာမေးပွဲ အထူးထုတ် (မေးခွန်း ၅စုံ)

ရွှေပုစွန် အဝေးနှင့်အိတ်မိုးစုံ



▲ ရန်ကုန်မြို့လယ်မှ မိနစ် (၂၀) အချိန်တိုအတွင်း ရောက်ရှိနိုင်သည့်နေရာ
▲ နိုင်ငံတကာအဆင့်မီ သန့်ရှင်းသပ်ရပ်သော အခင်းအကျင်းနှင့် ဝန်ဆောင်မှု
▲ လုံခြုံစိတ်ချရသော ကျယ်ဝန်းသည့်ကားရပ်နားရန်နေရာ
▲ တစ်နေ့တာ ပင်ပန်းနွမ်းနယ်နေသမျှ အပန်းပြေလန်းဆန်းစေမည့် စိတ်ကြည်နူးဖွယ်ရာလှပသောပန်းခြံ
▲ ရှိနှင့်သစ်သီးတို့၏ ပင်ကို အရည်အသွေး အရသာကို ပေါ်လွင်စေမည့်အအေးမျိုးစုံ
▲ သန့်ရှင်းခေတ်မီ ကျွမ်းကျင်အဆင့်အတန်းနှင့်အညီ ထုတ်လုပ်ထားသောမုန့်မျိုးစုံ
▲ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သော သဘာဝအနံ့ အရသာနှင့်ပြည့်စုံသည့် ရွှေပုစွန်ကော်ဖီ
SHWE PU ZUN CAFETERIA & BAKERY HOUSE ဆိုင်သစ်ကြီးတွင်
၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်၊ လွှတ်လပ်ရေးနေ့ နံနက် ၁၁း၂၉ နာရီအချိန်မှစတင်၍ ရောင်းချမည်ဖြစ်ပါကြောင်း စားသုံးသူမိတ်ပြည်သူအပေါင်းအား သတင်းကောင်းပါးအပ်ပါသည်။

( ရွှေပုစွန် Function Hall နှင့် Breakfast Corner များကိုလည်း မကြာမီ ဆက်လက်ဖွင့်လှစ်မည် ဖြစ်ပါသည်။ )

ဇန်နဝါရီလ (၅) ရက်နေ့မှစတင်၍ နေ့စဉ် - CAFETERIA - 9 :00 AM to 9:00 PM , BAKERY HOUSE - 8 :00 AM to 8:00 PM

၂၅- F ၊ မင်းနန္ဒာလမ်း ၊ ဒေါပုံမြို့နယ် (သာကေတကျောက်တိုင်အနီး) Tel - 95-1-547115,579725, Fax:95-1- 572079

# ဗဟိုဝန်ထမ်းတက္ကသိုလ်နှင့် ပတ္တမြားရတု

## မောင်ဆွေသက်

လှည်းကူးမြို့နယ် ဖောင်ကြီးကျေးရွာရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် ပတ္တမြားရတုနှစ်လေးဆယ်ပြည့်အထိမ်းအမှတ်ပွဲကြီးကို ၂၀၀၅ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် စည်ကားသိုက်မြိုက်စွာကျင်းပရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံ့ဝန်ထမ်းများအား စနစ်တကျ ပြုစုပျိုးထောင်လေ့ကျင့်ပေးနိုင်ရေးအတွက် ယခင်က မရှိခဲ့ဖူးသေးသော ဗဟိုပြည်သူ့သင်တန်းကျောင်းကို မြန်မာနိုင်ငံတွင် ၁၉၆၅ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်ထူထောင်ဖွင့်လှစ်ခဲ့ရာ ယခု၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်တွင် နှစ်ပေါင်းလေးဆယ်ပြည့်ပြီဖြစ်သည်။

ဗဟိုပြည်သူ့သင်တန်းကျောင်းအဖြစ် စတင်ခဲ့သော ဤကျောင်းတော်ကြီးသည် အစိုးရဌာနအသီးသီးရှိ ဝန်ထမ်းများကို စနစ်တကျ လေ့ကျင့် ပျိုးထောင်ပေးရင်း ဗဟိုဝန်ထမ်းတက္ကသိုလ်ကြီးအဖြစ် အဆင့်ဆင့်တိုးတက်ဖြစ်ထွန်းပေါ်ပေါက် လာသည်မှာ သက်တမ်းအားဖြင့် နှစ်ပေါင်းလေးဆယ်ပြည့်ခဲ့ပါပြီ။



ဖောင်ကြီး ဗဟိုဝန်ထမ်း တက္ကသိုလ်တွင် ဝန်ထမ်းလောင်း သင်တန်းသားများ ဤကဲ့သို့ စာပေ သင်ကြားလျက်ရှိကြသည်။

ပတ္တမြားရတုသို့ တိုင်ခဲ့ပါပြီ။

ရှေးမြန်မာမင်းများလက်ထက် အထူးသဖြင့် ကုန်းဘောင်ခေတ်နှောင်းပိုင်းကာလသည် အင်္ဂလန်၊အမေရိကန်နှင့် ဗြိတိသျှပိုင် အိန္ဒိယနိုင်ငံတို့၌ ဝန်ထမ်းရွေးချယ်ခန့်ထားရေးကို အလေးထားဆောင်ရွက်နေသော ကာလနှင့် ခေတ်ပြိုင်ဖြစ်ခဲ့ပေသည်။ ယင်းခေတ်ကာလကပင် မြန်မာနိုင်ငံ၌ နေပြည်တော် အဆင့်၊ ဒေသန္တရအဆင့်ဟူ၍ သတ်မှတ်လျက်အုပ်ချုပ်ရေးစနစ်တကျရှိစေရန် ဆောင်ရွက်ခဲ့ကြပေသည်။

၁၈၈၅ ခုနှစ် ကျူးကျော်သူ နယ်ချဲ့များက သီပေါဘုရင်မင်းမြတ်ကို ဖမ်းဆီးခေါ်ဆောင်သွားပြီး ၁၈၈၆ခုနှစ် ဇန်နဝါရီလ ၁ရက်နေ့မှစ၍ ကိုယ့်မြေကိုယ့်ရေကိုယ့်လူမျိုးအတွက် စနစ်တကျစီမံကွပ်ကဲနိုင်သော ကိုယ်ပိုင် အခွင့်အရေးများဆုံးပါးခဲ့ရသည်။ မြန်မာနိုင်ငံ၏ ပေါကြွယ်လှစွာသော သယံဇာတများကိုလည်း ၎င်းတို့စိတ်ကြိုက် ခြယ်လှယ်ခွင့် ရရှိသွားခဲ့ပေသည်။

နယ်ချဲ့အစိုးရနှင့်အတူတကွ ပါလာသောစီးပွားရေးကုမ္ပဏီများကို ပငြိုညာဉ်ခံထားသည့် အုပ်ချုပ်သူလူတန်းစား I.C.S များကသာလျှင် မြန်မာပြည်အုပ်ချုပ်ရေးအတွက်အဓိကကျသော ဌာနများတွင် နေရာယူခြယ်လှယ် အုပ်ချုပ်လာကြသည်။ မြန်မာ့သယံဇာတများကို ထုတ်ယူတင်ပို့နိုင်ရန်၊ ခြယ်လှယ်ချုပ်ကိုင်နိုင်ရန် ထိရောက်သော အုပ်ချုပ်ရေးယန္တ ရားကို ဖော်ဆောင်ခဲ့ကြသည်။ မြန်မာလူမျိုးထဲမှ အချို့ကို ထပ်မံသိမ်းသွင်းစုစည်းပြီး (Indian Civil Service) I.C.Sများအဖြစ် ပြုစုပျိုးထောင်လေ့ကျင့်တာဝန်ပေးခဲ့ခြင်းများလည်း ရှိခဲ့ပါသည်။

လေ့ကျင့်မှုအားလုံးသည် မြန်မာတိုင်းရင်းသားများအား ငြိမ်ဝပ်ပိပြားအောင် ဖိနှိပ်အုပ်ချုပ်ရေးနှင့် အခွန်အတုတ်ကောက်ခံရေးအတွက်သာ အဓိကဦးတည်သင်ကြားပေးခဲ့ကြောင်းလည်း သမိုင်းမှတ်တမ်းများလေ့လာခြင်းဖြင့် သိရှိခဲ့ရပေသည်။

နှစ်ပေါင်း တစ်ရာကျော် သူ့ကျွန်ဘဝကျရောက် ဆုံးရှုံးခဲ့ရသော လွတ်လပ်ရေးကို ၁၉၄၈ခုနှစ်တွင် ပြန်လည်ရရှိခဲ့ပြီးနောက် မြန်မာနိုင်ငံပြန်တမ်းဝင် အရာရှိများ ခန့်အပ်ခွင့်ရရှိလာခဲ့ပါသော်လည်း လွတ်လပ်ရေးရခါစ နိုင်ငံအနေဖြင့် နိုင်ငံထူထောင်ရေးအတွက် သင်ရိုးညွှန်းတမ်းများစနစ်တကျ ရေးဆွဲလေ့ကျင့်ပေးနိုင်ခြင်းမရှိခဲ့သေးပေ။ စီမံခန့်ခွဲရေးအတွက် အဓိကကျသော လုပ်ငန်းများကိုသာ ဆိုင်ရာဆိုင်ရာဌာနများတွင် အချိန်ယူတွဲဖက်၍ လက်တွေ့ လေ့လာဆည်းပူးစေခဲ့သောနည်းဖြင့်သာ လေ့ကျင့်ပျိုးထောင်ပေးခဲ့ရပါသည်။

ဝန်ထမ်းများအား စနစ်တကျလေ့ကျင့်ပညာပေးနိုင်ရန်အတွက် ပြည်သူ့အုပ်ချုပ်ရေးစီမံကိန်းဌာနဟူ၍ ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်တွင် ၁၉၅၅ခုနှစ်၌ ဖွဲ့စည်းခဲ့ပါသေးသည်။

ထိုစီမံကိန်းအရ 'ရာထူးဝန်အဖွဲ့'မှ ယှဉ်ပြိုင်စနစ်ဖြင့် ရွေးချယ်ခန့်ထားသော ဝန်ထမ်းများအား အခြေခံသင်တန်းများ ပို့ချနိုင်ရန် 'အုပ်ချုပ်ရေး ဝန်ထမ်းတက္ကသိုလ်'ဟူ၍ ၁၉၅၉ ခုနှစ် ဖေဖော်ဝါရီလ ၁၆ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ထိုသင်တန်းတွင် အုပ်ချုပ်ရေးအရာရှိများသာမက အခြားသော ဌာနအသီးသီးမှဝန်ထမ်းများပါ တက်ရောက်သင်ယူစေခဲ့ပါသည်။

၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီအစိုးရ တက်ရောက်လာပြီးနောက် ဦးစွာပထမအထွေထွေအုပ်ချုပ်ရေးနှင့် ပြည်သူ့ရဲ အရာရှိများကို စနစ်တကျ လေ့ကျင့်တာဝန်ပေးရန် ဦးစားပေးဆောင်ရွက်ခဲ့သည်။

၁၉၆၃ ခုနှစ်တွင် စတင်ပြင်ဆင်ခဲ့ပြီး၁၉၆၄ခုနှစ် ဇန်နဝါရီလ၂၈ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာနတွဲဖက်အတွင်းဝန်ရုံးခန်း၌ အသေးစိတ် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပါသည်။

သင်တန်းကျောင်းဖွင့်လှစ်ရန်ပြင်ဆင်ဆဲကာလ ၁၉၆၃ခုနှစ် စက်တင်ဘာလ ၂၂ရက်နေ့မှစ၍ မြေနေရာရှာဖွေခဲ့ကြပါသည်။ မြေအမျိုးအစား၊ ပေါက်ရောက်သစ်ပင်နှင့် မြေအကျယ်အဝန်းတို့ကို သေချာစွာလေ့လာလျက် လေ့ကျင့်ရေးအတွက် သင့်လျော်သော ဒေသအဖြစ် စိုက်ပျိုးနိုင်သော လယ်မြေအမျိုးအစား၊ လုံလောက်သောရေရရှိနိုင်မှု၊ တိုးချဲ့နိုင်သော ပတ်ဝန်းကျင် မြေအခြေအနေတို့ဖြင့် ပြည့်စုံသော လှည်းကူးမြို့နယ်ဖောင်ကြီးဒေသကို တွေ့ရှိကြသည့်အခါ ပဏာမလျာထား ရွေးချယ်ခဲ့ကြပါသည်။

ဖောင်ကြီးအရှေ့ရွာနှင့် အနောက်ရွာ ကြားတွင် ငမိုးရိပ်ချောင်း ဖြတ်သန်းစီးဆင်းနေခြင်း၊ လှည်းကူးမှ ၁၇မိုင်ဝေး၍ ပဲခူးရိုးမ ဖောင်းတူသို့ ဖောက်လုပ်ဆဲကားလမ်းဘေးတွင်ရှိခြင်း၊ စိုက်ပျိုးမွေးမြူရန် အခြေအနေပေးခြင်းတို့ကြောင့် ဖောင်ကြီးကျေးရွာ အလယ်ကုန်းကို ရွေးချယ်ကြသည်။ ထိုဒေသသည် ပဲခူးရိုးမမှ ဖြာကျလာသော တောင်စွယ် တောင်ကုန်းလည်း ဖြစ်ပါသည်။

အဆောက်အအုံများ ဆောက်လုပ်ခြင်း၊လမ်းများဖောက်လုပ်ခြင်း၊ သင်တန်းကွင်းရှင်းလင်းခြင်း၊ လေ့ကျင့်ရေးကွင်း မြေညှိခြင်းတို့ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရင်း တစ်ချိန်တည်းမှာပင် သင်တန်းနည်းပြဆရာများကို စုစည်းလျက် မွမ်းမံ သင်တန်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်ကြသည်။

ပထမဆုံးသင်တန်းကို ၁၉၆၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ ယင်းသင်တန်းတွင် ပြည်သူ့ရေးရာ အရာရှိယယ်လောင်း ၈၇ဦးနှင့် ပြည်သူ့ရဲ အရာရှိယယ်လောင်း ၁၈၅ဦးတို့ဖြင့် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။ သင်တန်းကာလမှာ တစ်နှစ်ဖြစ်ပါသည်။

သင်ကြားသော ဘာသာရပ်များမှာ ပြည်သူ့စစ်မဟာဗျူဟာကို အခြေခံသော သင်ရိုးဖြစ်သည့်အလျောက် နိုင်ငံရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး၊ လူမှုရေး၊ စစ်ရေးဟူသော စစ်ကြောင်းကြီးငါးကြောင်းကိုအခြေခံရေးဆွဲထားသော သင်ရိုးညွှန်းတမ်းဖြစ်ပါသည်။

ထိုအချိန်မှစ၍ သင်တန်းကျောင်း အင်္ဂါရပ်နှင့်ညီအောင် ပြုပြင်

> **နှစ်ပေါင်းလေးဆယ်ကျော် ပတ္တမြားရတု ပွဲတော်အထိ စည်းကမ်းသေဝပ်သော၊ ပူးပေါင်းဆောင်ရွက်မှုကောင်းသော၊ စေတနာအပြည့်ထားသော ကျောင်းတော်ကြီးကို တက်ရောက်လေ့လာ ဆည်းပူးခဲ့သော နိုင်ငံ့ဝန်ထမ်းနှင့် အချို့အရပ်သား စေတနာ့ဝန်ထမ်းများအပါအဝင် သင်တန်းဆင်းများသည် မြန်မာပြည်အနှံ့ ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းရွက်လျက်ရှိနေကြပေသည်။**

ဆောက်လုပ်ရင်း သင်တန်းနည်းပြဆရာများ ဖြည့်တင်းခြင်း၊ သင်တန်းများတိုးချဲ့ဖွင့်လှစ်ခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

သင်တန်းသားများနေထိုင်ရန် တပ်ခွဲအဆောင်များနှင့် မရှိမဖြစ်လိုအပ်သော ရုံးအဆောက်အအုံများသာ ပထမနှစ်တွင် ဆောက်လုပ်နိုင်ခဲ့ပြီး ၁၉၆၅–၆၆ ဘဏ္ဍာရေးနှစ်တွင် ခန်းမဆောင်များစတင်ဆောက်လုပ်ခဲ့ပါသည်။

၁၉၆၅–၆၆ ခုနှစ်က မိုးလုံလေလုံ အားကစားခန်းမအဖြစ် ဆောက်လုပ်အသုံးပြုခဲ့သော နဝရတ်ခန်းမကြီးမှာ မူလက သစ်သားအဆောက်အအုံဖြစ်ပါသည်။ တိုးတက်ဖြစ်ပေါ်လာသော အခြေအနေအရ သင်တန်းသား ၁၅၀၀ သင်ကြားနိုင်မည့် ခန်းမကြီးတစ်ခု လိုအပ်လာခဲ့ရာ မူလအဆောက်အအုံမှ ဘေးတစ်ဖက်စီသို့ တစ်ဆောင်စီတိုးချဲ့၍ အုတ်ညှပ်ခန်းမဆောင်ကြီးအဖြစ် ၁၉၉၅–၉၆ခုနှစ်တွင် ပြုပြင်ခဲ့ပါသည်။ ယခုအခါသင်တန်းသား ၅၀၀၊ ၁၀၀၀၊ ၁၅၀၀ အင်အားရှိ သင်တန်းများကို ယင်းနဝရတ်ခန်းမကြီးတွင်သင်တန်းဖွင့်ပွဲ၊ သင်တန်းဆင်းပွဲများနှင့်နေ့စဉ်သင်တန်းပို့ချ ခန်းမအဖြစ်ပါ အသုံးပြုနေသည်။

၁၉၆၄–၆၅ ခုနှစ်မှစ၍ နှစ်စဉ် တိုးချဲ့ဆောက်လုပ်ခဲ့သော တပ်ရင်းရုံး၊ အုပ်ချုပ်မှု အဆောင်များ၊ သင်တန်းသား အိပ်ဆောင်များစသည့် အဆောက်အအုံများမှာ မြေစိုက်၊ ပျဉ်ကာ၊ သွပ်မိုး အဆောက်အအုံများသာဖြစ်ပါသည်။

ယခုအခါ တက္ကသိုလ် ပင်မရုံးကြီးသည်လည်းကောင်း၊ ရိပ်သာသည်လည်းကောင်း၊ သင်တန်းသား သင်တန်းသူ အိပ်ဆောင်တပ်ခွဲလေးခွဲအတွက်သည်လည်းကောင်း၊ တက္ကသိုလ် အင်္ဂါနှင့် အညီအဆင့်မီ အဆောက်အအုံများဖြစ်ပေါ်လာခဲ့ပေပြီ။

ရုပ်ဒြပ်ပစ္စည်းဖြစ်သော အဆောက်အအုံများ၊ လမ်းများ တိုးချဲ့ ဆောက်လုပ်ရင်း သင်တန်းသားများအတွက် လိုအပ်သောရိက္ခာရရှိရေးအတွက် စီမံခန့်ခွဲရေးပိုင်းမှ စိုက်ပျိုးမွေးမြူရေးကို အဓိကထားဆောင်ရွက်ခဲ့ပါသည်။

သင်တန်းဖွင့်ကာလ တစ်နှစ်လျှင် ၁၁ လရှိရာ သင်တန်းသား၊သင်တန်းသူ၊ နေ့စဉ် အနည်းဆုံး ၈၀၀မှ၂၄၀၀ခန့်အထိ ရှိသည်။ ထိုအင်အားကို ကိုယ့်အားကိုယ်ကိုး စိုက်ပျိုးမွေးမြူထုတ်လုပ် ကျွေးမွေးလျက်ရှိပေသည်။

၁၉၉၉ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့မှစ၍ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်တွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ကို ဖွင့်လှစ်ခဲ့ပါသည်။ စီမံခန့်ခွဲရေး ဖြည့်တင်းဆောင်ရွက်မှုများမှာ တက္ကသိုလ် နှစ်ခုပုံစံတူပင် ကိုယ့်အားကိုယ်ကိုး ထုတ်လုပ်ကျွေးမွေးလျက်ရှိသည်။

၁၉၆၅ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့က သင်တန်းသား ၂၇၂ဦးဖြင့် စတင်ဖွင့်လှစ်ခဲ့သော ဤတက္ကသိုလ်ကြီးသည် နိုင်ငံတော်လိုအပ်ချက်အရ ပုံမှန်သင်တန်းများ၊ အထူး မွမ်းမံသင်တန်းများတွင် သင်တန်းသားများ တိုး၍တိုး၍ ပို့ချ လေ့ကျင့်ပေးနေပါသည်။

| | |
|---|---|
| ၁၉၆၅ မှ ၁၉၇၄ အထိ | ၂၉၇၈၈ ဦး |
| ၁၉၇၅ မှ ၁၉၈၄ အထိ | ၃၂၉၀၅ ဦး |
| ၁၉၈၅ မှ ၁၉၉၄ အထိ | ၅၆၁၁၄ ဦး |
| ၁၉၉၅ မှ ၂၀၀၄ အထိ | ၉၈၂၈၁ ဦး |
| စုစုပေါင်း | ၂၁၇၀၈၈ ဦး |

ဖြစ်ပါသည်။

မြန်မာနိုင်ငံတော်အတွင်း အစိုးရဌာနအသီးသီးရှိ အရာရှိများ၊ စာရေးဝန်ထမ်းများနှင့် အခြားလိုအပ်သော ပုဂ္ဂိုလ်များကို အရည်အချင်း ပြည့်ဝသည်ထက် ပြည့်ဝစေရေးအတွက် ပို့ချမှု၊ လေ့ကျင့်ပျိုးထောင်မှုများ ပြုလုပ်လာခဲ့သည်မှာ နှစ်လေးဆယ်ပတ္တမြားရတုသို့ တိုင်ခဲ့ပေပြီ။

၁၉၆၅ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်ဖွင့်လှစ်ခဲ့သော ဗဟိုပြည်သူ့ဝန်ထမ်းကျောင်းသည် ပြည်ထဲရေးဝန်ကြီးဌာန၏ တိုက်ရိုက်ကွပ်ကဲမှုဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။ ၁၉၇၂ခုနှစ်တွင် စတင်ပြောင်းလဲ အကောင်အထည်ဖော်ခဲ့သော စနစ်သစ်အုပ်ချုပ်ရေး စနစ် စတင်သည့်အခါ ဗဟိုပြည်သူ့ဝန်ထမ်းများ ရွေးချယ်လေ့ကျင့် နေရာချထားရေးအဖွဲ့ ကွပ်ကဲမှုအောက်သို့ လွှဲပြောင်းရောက်ရှိလာပါသည်။

၁၉၇၇ ခုနှစ် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥပဒေပြဋ္ဌာန်းပေါ်ပေါက်လာသည့်အခါတွင် ပုဒ်မ(၆)အရ "ဝန်ထမ်းများအား လေ့ကျင့် ပညာပေးရေးအတွက် ဗဟိုဝန်ထမ်းတက္ကသိုလ်ကို အဖွဲ့၏ကြီးကြပ်ကွပ်ကဲမှုအောက်တွင် ဖွဲ့စည်းထားရှိရမည်"ဟု ဖော်ပြပါရှိလာခဲ့သည်။

ထို့ပြင် ပုဒ်မ (၁၇)၌ "အဖွဲ့သည် ဗဟိုဝန်ထမ်းတက္ကသိုလ်ကို အောက်ပါဦးတည်ချက်များဖြင့် ဖွဲ့စည်းထားရှိသည်–

**(က) စီမံခန့်ခွဲရေးအဆင့်နှင့် ပညာရှင်အဆင့် ဝန်ထမ်းလောင်းများအား အခြေခံသင်တန်းများပေးရန်၊**

**(ခ) အလယ်အလတ်တန်း စီမံခန့်ခွဲသူများအတွက် မွမ်းမံသင်တန်းများ ပေးရန်"**

ဟူ၍ တိကျစွာဖော်ပြထားသည့်အတိုင်း ယခုအခါတာဝန်ယူ ထမ်းဆောင်လျက်ရှိပါသည်။

ဤသို့ ခေတ်နှင့်အညီနှစ်ပေါင်း လေးဆယ်တိုင်တိုင် ခိုင်မာစွာ ရပ်တည်လျက် လေ့ကျင့်ပို့ချရေး တာဝန်ယူခဲ့ရသော ဗဟိုပြည်သူ့ဝန်ထမ်းကျောင်း စတင်ဖွင့်လှစ်သည်မှ ယနေ့ဗဟိုဝန်ထမ်းတက္ကသိုလ်အထိ ကျောင်းအုပ်ကြီး/ပါမောက္ခချုပ်အဖြစ် အတွေ့အကြုံရှိသော ပုဂ္ဂိုလ်ကိုးဦး တာဝန်ယူခဲ့ ယူဆဲဖြစ်ပါသည်။

အတွေ့အကြုံရင့်ကျက်သော ကျောင်းအုပ်ကြီး/ပါမောက္ခချုပ်တို့ ကွပ်ကဲဦးဆောင်မှုဖြင့် ဤတက္ကသိုလ်ကြီးမှ ယနေ့အထိ ၂၁၇၀၈၈ ဦးသော နိုင်ငံ့ဝန်ထမ်းများအား လေ့ကျင့်ပြုစု ပျိုးထောင်ပြီး ဖြစ်ပေသည်။

နှစ်ပေါင်းလေးဆယ်ကျော် ပတ္တမြားရတု ပွဲတော်အထိ စည်းကမ်းသေဝပ်သော၊ ပူးပေါင်းဆောင်ရွက်မှုကောင်းသော၊ စေတနာအပြည့်ထားသော ကျောင်းတော်ကြီးကို တက်ရောက်လေ့လာ ဆည်းပူးခဲ့သော နိုင်ငံ့ဝန်ထမ်းနှင့် အချို့အရပ်သား စေတနာ့ဝန်ထမ်းများအပါအဝင် သင်တန်းဆင်းများသည် မြန်မာပြည်အနှံ့ ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းရွက်လျက်ရှိနေကြပေသည်။

ဤကျောင်းတော်ကြီးတွင်လာရောက် လေ့ကျင့်သင်ကြားရင်းမှ တစ်နိုင်ငံလုံးရှိ ဝန်ထမ်းအားလုံးကို လေ့ကျင့်ပေးရမည်ဟူသော မွန်မြတ်သည့် တာဝန်ကို ပိုမိုသိရှိမြတ်နိုးလျက် မိမိပညာကို ပိုမိုတန်ဖိုးရှိစွာ တာဝန်ထမ်းဆောင်လိုသော စိတ်ဆန္ဒဖြင့် သက်ဆိုင်ရာဌာနများမှ ဤတက္ကသိုလ် ကြီးသို့ ပြောင်းရွှေ့လာသူ Volunteers များ အများအပြား ရောက်ရှိတာဝန်ယူလျက်ရှိကြပါသည်။

ဤသို့ မွန်မြတ်သော၊ အရေးပါသော တာဝန်ရှိသည့် ဖောင်ကြီးဗဟိုဝန်ထမ်းတက္ကသိုလ်ကြီးသည် ယခုပတ္တမြားရတုမှသည် စိန်ရတုပေါင်းများစွာသို့ ဦးတည်နေဦးမည် ဖြစ်ပေသည်။ ။

# လယ်ယာ(၁၆)လက်တွန်းထွန်စက်များ လွှဲပြောင်းပေးအပ် ထိန်းသိမ်းပြုပြင်မှုနှင့် ထွန်ယက်မှုသရုပ်ပြပွဲကျင်းပ

**ကြာအင်းဆိပ်ကြီး ဒီဇင်ဘာ ၁၄**

လယ်ယာ(၁၆)လက်တွန်းထွန်စက် ၁၆ စီး လွှဲပြောင်းပေးအပ်ပွဲ၊ ထိန်းသိမ်းပြုပြင်မှုနှင့် ထွန်ယက်မှုသရုပ်ပြပွဲ အခမ်းအနားကို ဒီဇင်ဘာ ၉ရက် နံနက် ၉ နာရီက ကြာအင်းဆိပ်ကြီးမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရုံးဝင်း နည်းပညာပေး စိုက်ကွင်းတွင် ကျင်းပသည်။ **(အောက်ပုံ)**

**တက်ရောက်**

အခမ်းအနားသို့ ဗျူဟာမှူး ဗိုလ်မှူးကြီးအောင်ကျော်ငြိမ်း၊ စက်မှုလယ်ယာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူးဦးသန်းထွန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ဝင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ထို့နောက် ကော့ကရိတ်ခရိုင် ထွန်စက်စခန်းဦးစီးအရာရှိ ဦးဝင်းထွေးနှင့် အဖွဲ့က ထိန်းသိမ်းပြုပြင်မှုနှင့် ထွန်ယက်ခြင်းကို သရုပ်ပြသရှင်းလင်းတင်ပြပြီး ဦးစီးအရာရှိ ဦးဝင်းထွေးက ထွန်စက်ဝယ်ယူသူများကိုယ်စား တောင်သူတစ်ဦးသို့ လက်တွန်းထွန်စက် ၁၆စီးဆိုင်ရာ စာရွက်စာတန်းများ လွှဲပြောင်းပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**





ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေ ဇီးကုန်းမြို့နယ်အတွင်း ယန္တရားများဖြင့် မြေသားလမ်းနှစ်မိုင်ဖောက်လုပ်ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးသိန်းဇော်က ရှင်းလင်းတင်ပြစဉ်။ (၀၄၀)

## ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်

## ကြံခင်းမြို့နယ်ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးပညာပေးဟောပြော

**ကြံခင်း ဒီဇင်ဘာ ၂၅**

ကြံခင်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်သော ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး အထောက်အကူပြု ပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၂၃ရက် မွန်းလွဲ၁နာရီက ကြံခင်းမြို့နယ် တလိုင်းကွင်းအုပ်စု ပန်းရန်စုကျေးရွာ လေးထပ်ကြီးဓမ္မာရုံတွင် ကျင်းပသည်။

ဟောပြောပွဲတွင် ကျေးရွာဥက္ကဋ္ဌဦးလှတင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးကျော်ဝင်းတို့က ကျေးလက်စာကြည့်တိုက်များဖွင့်လှစ်ရေးနှင့်ပတ်သက်၍ အမှာစကားများ ပြောကြားကြပြီး ဟင်္သာတခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစောမောင်က ကျေးရွာပြည်သူများ စာပေဗဟုသုတ လေ့လာဖတ်ရှုရေးနှင့်ပတ်သက်၍ ဘဝအတွက်အကျိုးရှိစေဖို့ ခေါင်းစဉ်ဖြင့် ပညာပေးဟောပြောသည်။

ဆက်လက်၍ ဟင်္သာတခရိုင်ဦးစီးအရာရှိဦးစောမောင်က ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်၅၀ ပေးအပ်လှူဒါန်းသည်။

**(မြို့နယ် ပြန်/ဆက်)**

## စာကြည့်တိုက်အတွက် အလှူငွေပေးအပ်

**ဒီပဲယင်း ဒီဇင်ဘာ ၁၂**

ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ဖုတ္တန်း တောကျေးရွာ မိတ်ဆွေစစ်စာကြည့်တိုက်အတွက်အလှူငွေပေးအပ်လှူဒါန်းပွဲကို ၁၃၆၆ခုနှစ်တန်ဆောင်မုန်းလဆန်း ၁၅ ရက်နံနက်ကအမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် နာယကချုပ်ဆရာတော် ဦးကုဏ္ဍလာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ ဗဟုဇနဟိတဓရမဟာဓမ္မကထိက)ရှေ့မှောက်၌ကျင်းပသည်။

အခမ်းအနားတွင် စာကြည့်တိုက်တာဝန်ခံ ဦးတေဇနိယာလင်္ကာ(ဝိနယနိကာယဝိဒူ၊အင်္ဂုတ္တရနိကာယဝိဒူ)ထံ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၆၄လမ်းနေ ဦးတင်ယု-ဒေါ်သိန်းတင် မိသားစုက နဝကမ္မအလှူငွေကျပ်တစ်သိန်း ဆက်ကပ်လှူဒါန်းကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## မန္တလေးတိုင်းကျေးလက်ဒေသများ သောက်သုံးရေ ဖူလုံရေးနှင့် ကျေးရွာတိုင်း စာကြည့်တိုက်ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းစည်းဝေး

မန္တလေး ဒီဇင်ဘာ ၁၈

**မန္တလေးတိုင်းအတွင်းရှိ မြို့နယ်နှင့် ကျေးလက်ဒေသများအတွင်း သောက်သုံးရေဖူလုံရေး၊ ကျောင်းနေအရွယ်ကလေးများ ကျောင်းပျော်၍ စာတော်စေရေးအတွက် စာသင်ကျောင်းများ စနစ်တကျပြုပြင်ပေးရေးနှင့် ကျေးရွာတိုင်းတွင် စာကြည့်တိုက်များ အမြန်ဆုံးဖွင့်လှစ်နိုင်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာ ၃ရက်မွန်းလွဲ ၁နာရီခွဲက တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**အမှာစကားပြောကြား**

ရှေးဦးစွာ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကြည်သိန်းက အမှာစကားပြောကြားပြီး တိုင်းအုပ်ချုပ်ရေးမှူး ဦးကျင်လင်းက တိုင်းအတွင်းရှိ အစွန်အဖျား ကျေးလက်ဒေသများပါမကျန် ကျေးလက်တိုင်းတွင် သောက်သုံးရေ လုံလောက်စွာ ရရှိရေးဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ကျေးရွာတိုင်းရှိ စာသင်ကျောင်းများ စာသင်ကျောင်းအင်္ဂါရပ်နှင့် ပြည့်စုံပြီး အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြုပြင်ရန်လိုအပ်သည်များကို အမြန်ဆုံးပြုပြင်နိုင်ရေးနှင့် တိုင်းအတွင်း ကျေးရွာတိုင်းတွင် ကျေးလက်စာကြည့်တိုက်များ အချိန်တိုအတွင်း အမြန်ဆုံးဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရေးအတွက် ညှိနှိုင်းဆွေးနွေးတင်ပြရန် ပြောကြားသည်။

**အောင်မြင်ရေး**

ဆက်လက်၍ တက်ရောက်လာကြသော ဝန်ကြီးဌာနအလိုက် တာဝန်ခံများနှင့် ခရိုင်နှင့် မြို့နယ် ဥက္ကဋ္ဌများက လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြကြရာ တိုင်းအုပ်ချုပ်ရေးမှူးက ယခုတစ်ဦးချင်း တင်ပြချက်များအတိုင်း မိမိတာဝန်ယူရမည့်အပိုင်းများကို အချိန်တိုအတွင်း အမြန်ဆုံးအောင်မြင်ရေး ဆောင်ရွက်ကြရန် ပြောကြားကြောင်း သိရသည်။ **(၃၁၃)**

## ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

## ညောင်လေးပင်တွင် ရွှေဝါထွန်းကတ္တရာလမ်းသစ်ဖွင့်

**ညောင်လေးပင် ဒီဇင်ဘာ ၂၈**

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ခုဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော ရွှေဝါထွန်းကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိမ်းဌေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမင်းလွင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ်၃၉၉၀၀၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**



## မုဒုံမြို့နယ်တွင် သောက်သုံးရေကန် တူးဖော်

**မုဒုံ ဒီဇင်ဘာ ၁၅**

မွန်ပြည်နယ် မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဖုန်းလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်တို့သည် ဒီဇင်ဘာ ၉ရက်က မုဒုံမြို့နယ် ဝဲကလိကျေးရွာတွင် သောက်သုံးရေကန် တူးဖော်နေမှုကို ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးသည်။**(အပေါ်ပုံ)**

ဝဲကလိကျေးရွာသည် ပင်လယ်ကမ်းခြေဒေသဖြစ်ပြီး သောက်သုံးရေ ရှားပါးသဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း ငွေကျပ် ၁၁၈၀၀၀၀ ကျော် အကုန်အကျခံ၍ အလျားပေ ၆၀၊ အနံပေ ၅၀၊ အမြင့် ၆ ပေ မြေသားကန်တူးဖော်ခြင်း၊ ခြံစည်းရိုး ကာရံခြင်းနှင့် လက်နှိပ်ပန့်တပ်ဆင်၍ ကျေးရွာနေ ပြည်သူများအတွက် သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးကြသည်။ **(မြို့နယ် စည်ပင်)**



# ငါးရာနှစ်ဆယ့်ရှစ် မေတ္တာဓာတ်လွှမ်းခြုံခဲ့သော ဆောင်းညချမ်း သမ္မာရင့်ဝါရင့်အနုပညာရှင်များ ပြုံးပန်းလှိုင်သည့် အကယ်ဒမီမြင်ကွင်း

**သတင်းဆောင်းပါး-ကိုထွေး၊ ဓာတ်ပုံ-သိန်းဝင်းလေးနှင့် တင်စိုး(မြန်မာ့အလင်း)**



**အမေ့နို့ဖိုးဓာတ်ကားဖြင့် ဒါရိုက်တာဆု ရရှိပြီး အမေ့နို့ဖိုးကို ထူးချွန်ဆု ခုနစ်ဆုရရှိအောင် ရိုက်ကူးပေးသော ဒါရိုက်တာကျော်သူ။**
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



**နေကမွေးတဲ့လ ဓာတ်ကားဖြင့် အမျိုးသားဓာတ်ဆောင်ဆု ငါးထပ်ကွမ်းရရှိသော အနုပညာသက် ၃၉နှစ်နှင့် အသက် ၅၈နှစ်ရှိပြီဖြစ်သော ထပ်ဆင့်အကယ်ဒမီ ကျော်ဟိန်း ထူးချွန်ဆုများနှင့်အတူ ရွှင်မြူးနေဟန်။** ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

**ရန်ကုန် ဒီဇင်ဘာ ၂၉**

မြန်မာ့ရုပ်ရှင်ချစ်သူတို့ အထူးမျှော်လင့်စောင့်စားကြရသော နေ့တစ်နေ့---။ ဒီဇင်ဘာ၂၆ရက်၏ အအေးပိုသော ဆောင်းညချမ်းနှင့်အပြိုင် ရုပ်ရှင်အနုပညာရှင်များ ရင်ခုန်သံမြန်နေကြသည်။ ညနေ၄နာရီမှစတင်၍ ၂၀၀၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု) ချီးမြှင့်သည့် အခမ်းအနားကျင်းပရာ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏသို့ ရုပ်ရှင်ပညာရှင်များနှင့်ဧည့်ပရိသတ်များ တဖွဲဖွဲရောက်ရှိလာကြသည်။

၂၀၀၃ခုနှစ်အတွင်း ရုံတင်ပြသခဲ့သည့် ဓာတ်ကားပေါင်း ၂၆ကားအနက်မှ အကယ်ဒမီရွေးစင်ရုပ်ဆုရှင်များကို ရွေးချယ်ချီးမြှင့်မည်ဖြစ်ရာ မည်သူဆုရမည်ကို အမျိုးမျိုးထင်ကြေးပေး မေးမြန်းပြောကြားသံများလှိုင်နေသည်။

ညနေ၆နာရီတွင် အခမ်းအနားမှူး ဦးဝင်းအောင်နှင့် ဒေါ်ခင်စန်းမြင့်တို့၏ အစီအစဉ်ကြေညာသံက ကြည်မြပီသစွာ ပေါ်ထွက်လာသည်။ ၂၀၀၃ခုနှစ် အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနား စတင်ကြောင်းကြေညာပြီးသည့်နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားသည်။ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ အမှာစကားပြီးဆုံးချိန်တွင် ၂၀၀၃ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ရရှိကြသည့် အမည်စာရင်းကို ကြေညာမည်ဖြစ်ရာ ပရိသတ်များရင်ခုန်စွာ စောင့်စားနားစွင့်နေကြသည်။



**အမေ့နို့ဖိုး ရုပ်ရှင်ဓာတ်ကားဖြင့် အမျိုးသမီးဓာတ်ပို့ ဆုရ လေးထပ် ကွမ်း ထပ်ဆင့်အကယ်ဒမီ ချိုပြုံး ဆုများနှင့် အတူ တွေ့ရစဉ်။**
ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)



**အမေ့နို့ဖိုးဓာတ်ကားဖြင့် အမျိုးသမီး ဓာတ်ဆောင်ဆုရ နှစ်ထပ်ကွမ်း ထပ်ဆင့် အကယ်ဒမီ ထွန်းအိန္ဒြာဗို ဆု များ နှင့် ကြည်နူး နေစဉ်။**
ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

အကယ်ဒမီဆုရှင်တစ်ဦးကို ကြေညာလိုက်ချိန်တွင် လက်ခုပ်သြဘာတီး၍ အားပေးသံများ ဟိန်းထွက်လာပြီး ဓာတ်ပုံမီးများကလည်း တဖျပ်ဖျပ်လင်းလက်လာကြသည်။ ရှေးဦးစွာ စက်မှုပိုင်းဆိုင်ရာဆုရှင်ကို ကြေညာရာ အကောင်းဆုံး အသံထူးချွန်ဆုကို သူးမွဲ့ထသစ္စာဓာတ်ကားမှ ခင်စံပယ်ဦးအဖွဲ့က ရရှိသွားသည်။

အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆုကို အမေ့နို့ဖိုးဓာတ်ကားမှ ကျောက်ဖြူ (ပဒေသာ)က ရရှိသွားသည်။ ကျောက်ဖြူ(ပဒေသာ)သည် ၂၀၀၂ခုနှစ် အတွက် အကောင်းဆုံးဓာတ်ပုံဆုကို ယောက္ခမဆိုတာ တစ်ခါတုန်းက သမက်ပါပဲ ဓာတ်ကားဖြင့် ရရှိခဲ့သူဖြစ်သည်။ အကောင်းဆုံးရုပ်ရှင်ဓာတ်ညွှန်းဆုကို အမေ့နို့ဖိုး ဓာတ်ကားမှ ဓာတ်ညွှန်းရေးသားသူ ငြိမ်းမင်းက ရရှိသည်။ ၂၀၀၂ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင်ဓာတ်ညွှန်းဆုကို ငါသူတစ်ပါးယောကျ်ားမိန်းမ ဓာတ်ကားဖြင့် ငြိမ်းမင်းကရရှိခဲ့ရာ ကျောက်ဖြူ(ပဒေသာ)ကဲ့သို့ပင် နှစ်နှစ်ဆက်တိုက် အကယ်ဒမီဆုရှင်ပင် ဖြစ်သွားသည်။

အကောင်းဆုံးရုပ်ရှင်ဓာတ်ကား တည်းဖြတ်သူ ဆုကို သူးမွဲ့ထသစ္စာဓာတ်ကားမှ ဦးမြင့်ခိုင်က ရရှိသည်။ ဦးမြင့်ခိုင်သည် ၁၉၉၇ခုနှစ်အတွက် ရုပ်ရှင်ဓာတ်ကား တည်းဖြတ်သူဆုကို သူ့ကျွန်မခံပြီ ဓာတ်ကားဖြင့်ရရှိခဲ့ရာ အကယ်ဒမီနှစ်ဆုရှင် ဖြစ်သွားသည်။ အကောင်းဆုံး အမျိုးသမီးဓာတ်ပို့ဆုကို ကြေညာမည်ဆိုသောအခါ ပရိသတ်များအထူး နားစွင့်နေကြသည်။ အကောင်းဆုံး အမျိုးသမီးဓာတ်ပို့ဆုကို အမေ့နို့ဖိုးဓာတ်ကားမှ ချိုပြုံးက ရရှိသွားရာ ဝါဝါဝင်းရွှေက လှိုက်လှဲသောအနမ်းဖြင့် ဂုဏ်ပြုခဲ့သည်။

အကောင်းဆုံး ရုပ်ရှင်တေးဂီတဆုကို နေကမွေးတဲ့လ ဓာတ်ကားတွင် နောက်ခံတေးဂီတ ဖန်တီးသူ ဇော်မျိုးထွဋ်က ရရှိသွားသည်။ အများထင်ကြေးပေးထားသည့်အတိုင်း ဆုရသွားရာ အနီးရှိဇနီးသည်က အနမ်းဖြင့် ဂုဏ်ပြုသည့်မြင်ကွင်းက ကြည်နူးစရာကောင်းလှသည်။ အကောင်းဆုံး အမျိုးသားဓာတ်ပို့ဆုကို ကြေညာမည်ဆိုသောအခါ ဓာတ်ပုံကင်မရာ များအားလုံး ကျော်ဟိန်းဆီသို့ စုပြုံရောက်သွားကြသည်။ အကောင်းဆုံးအမျိုးသားဓာတ်ပို့ဆုကို အမေ့နို့ဖိုးဓာတ်ကားမှ ဇော်ဦးက ရရှိသွားသည်ဟု ကြေညာသံထွက်ပေါ်လာမှ ကင်မရာသမားများ ဇော်ဦးဆီ အလုအယက်တိုးဝှေ့ရိုက်ကူးကြသည့် မြင်ကွင်းကလည်း ပျော်စရာတစ်မျိုးပင်။

အကောင်းဆုံး ရုပ်ရှင်ဓာတ်ကားဆုကို အမျိုးသားရုပ်ရှင်မှ ရိုက်ကူးထုတ်လုပ်သည့် အမေ့နို့ဖိုးဓာတ်ကားက ရရှိသွားရာ ဒါရိုက်တာဆုကို ကျော်သူရမည်ဟု ထင်လိုက်ကြသည်။ အကောင်းဆုံးအမျိုးသားဓာတ်ဆောင်ဆုကို နေကမွေးတဲ့လဓာတ်ကားမှ ကျော်ဟိန်းရရှိသည်ဟု ကြေညာသံအဆုံးတွင် ပရိသတ်လက်ခုပ်သံများ ဟိန်းထွက်လာသည်။ အသက် ၅၈ နှစ်ရှိပြီဖြစ်သော ကျော်ဟိန်း၏ ဝမ်းသာဂုဏ်ယူစွာ ပရိသတ်အား လက်ပြနှုတ်ဆက်မှုက လူငယ်ကလေးတစ်ဦးကဲ့သို့ ထင်ရသည်။

အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆုကို အမေ့နို့ဖိုးရုပ်ရှင်ဓာတ်ကားကို ရိုက်ကူးသူ ဒါရိုက်တာ ကျော်သူက ရရှိသွားရာ ထင်ကြေးပေးခန့်မှန်းမှု များ ဒက်ထိမှန်သွားခဲ့ရသည်။ နောက်ဆုံးကြေညာမည့် အကောင်းဆုံး အမျိုးသမီးဓာတ်ဆောင်ဆုကို ပရိသတ် စိတ်ဝင်စားမှုက မြင့်မားလှသည်။ အမည်စာရင်းကြေညာပေးသူက ရွှေနန်းတော်ဟု အစချီလိုက်သည်နှင့် ထွန်းအိန္ဒြာဗိုကို ဝိုင်းဝန်းပွေ့ဖက် ဂုဏ်ပြုပြီးသားဖြစ်နေသည်။ အကောင်းဆုံး အမျိုးသမီးဓာတ်ဆောင်ဆုကို အမေ့နို့ဖိုးဓာတ်ကားမှ ထွန်းအိန္ဒြာဗိုက ရရှိသွားရာ အကယ်ဒမီနှစ်ထပ်ကွမ်း အနုပညာရှင်ဖြစ်သွားသည်။

အမျိုးသားရုပ်ရှင်မှ ရိုက်ကူးထုတ်လုပ်သည့် အမေ့နို့ဖိုးဓာတ်ကားသည် ရုပ်ရှင်ဓာတ်ပုံဆု၊ ရုပ်ရှင်ဓာတ်ညွှန်းဆု၊ အမျိုးသမီးဓာတ်ပို့ဆု၊ အမျိုးသားဓာတ်ပို့ဆု၊ ရုပ်ရှင်ဓာတ်ကားဆု၊ အကောင်းဆုံး အမျိုးသမီးဓာတ်ဆောင်ဆုနှင့် အကောင်းဆုံးဒါရိုက်တာဆု စုစုပေါင်းအကယ်ဒမီ ခုနစ်ဆုရရှိသွားရာ မြန်မာ့ရုပ်ရှင်သမိုင်း၌ ဆုအရေအတွက်အများဆုံးရရှိသော ဓာတ်ကားများထဲတွင် တစ်ကား အပါအဝင်ဖြစ်သွားသည်။ ၂၀၀၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီ) ဆုချီးမြှင့်ခဲ့ရာတွင် ကြယ်တံခွန်ရုပ်ရှင်မှ ထုတ်လုပ်သော ငါသူတစ်ပါး ယောကျ်ား မိန်းမဓာတ်ကားသည် အကယ်ဒမီခုနစ်ဆု ရရှိခဲ့သည်။

ထို့နောက် ၂၀၀၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ရရှိကြသူများက ကျေးဇူးတင်စကားပြောကြားကြသည်။ အမျိုးသမီးဓာတ်ပို့ဆုရှင် ချိုပြုံးက "အကယ်ဒမီလေးဆုရရှိခဲ့ပြီဖြစ်၍ သားသမီးလေးဦးအတွက် ပြည့်စုံသွားပြီး ဖြစ်ကြောင်း၊ သို့သော် မြေးများအတွက် ဆက်လက်ကြိုးစားသရုပ်ဆောင်သွားမည်ဖြစ်ကြောင်း" ပြောကြားရာ ပရိသတ်ပွဲကျခဲ့ရသည်။ အကောင်းဆုံး အမျိုးသမီးဓာတ်ဆောင်ဆုရှင် ထွန်းအိန္ဒြာဗိုကလည်း "မိမိပါဝင်သရုပ်ဆောင်ခွင့်ရသည့် ဓာတ်ရုပ်မှာ အခြားသရုပ်ဆောင်များ သရုပ်ဆောင်ခွင့်ရရှိခဲ့လျှင်လဲ အကယ်ဒမီဆုအတွက် မျှော်မှန်းနိုင်မည်ဖြစ်ကြောင်း၊ သရုပ်ဆောင်ခွင့် ရရှိသည့်အတွက် အမျိုးသားရုပ်ရှင်နှင့် ဒါရိုက်တာကျော်သူ၊ ဓာတ်ညွှန်း ငြိမ်းမင်းတို့ကို ကျေးဇူးတင်ကြောင်း"ပြောကြားသည်။



**"မိမိတတ်ကျွမ်းသည့် အနုပညာဖြင့် ပရိသတ်များကို အကောင်းဆုံး ပေးဆပ်နေ" (ထပ်ဆင့်အကယ်ဒမီကျော်ဟိန်း)**
ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)



**"မိခင်ကိုရည်ညွှန်း၍ ရေးသားခဲ့ခြင်းဖြစ်" (ဓာတ်ညွှန်းဆုရ ထပ်ဆင့် အကယ်ဒမီ ငြိမ်းမင်း)**
ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ရုပ်ရှင်ဓာတ်ညွှန်းဆုရှင် ငြိမ်းမင်းကလည်း "ဓာတ်ညွှန်းဆုကို ပရိသတ်များ သတိပြုမိလာအောင်ရေးသားပေးကြသည့် စာနယ်ဇင်းသမားများကိုကျေးဇူးတင်ကြောင်း၊ မိခင်ကိုရည်ညွှန်း၍ ရေးသားခဲ့ခြင်းဖြစ်ကြောင်း၊ မိမိရေးသားသည့် နေကမွေးတဲ့လ ဓာတ်ကားမှာလဲ အကယ်ဒမီဆုများ ရရှိ၍ အထူးဝမ်းသာမိကြောင်း"ပြောကြားသည်။ အမျိုးသားဓာတ်ပို့ဆုရှင်ဇော်ဦးကလည်း"ကျေးဇူးတင်ထိုက်သူများထဲမှတစ်ဦးဖြစ်သည့် ဇနီးသည်အား ကျေးဇူးတင်ကြောင်း" မပြောလိုက်မိ၍ဆိုကာ ချိုပြုံးဆီမှ မိုက်ကရိုဖုန်းကို ကမ်းယူ၍ ထပ်မံပြောကြားရာ ပရိသတ်များရယ်မောသံလှိုင်ခဲ့ရသည်။ အကယ်ဒမီငါးဆုရှင် ကျော်ဟိန်းကလည်း "မိမိကို အမြဲတမ်းသစ္စာရှိစွာ အားပေးကြသည့် ပရိသတ်များအား ကျေးဇူးတင်ကြောင်း၊ မိမိတတ်ကျွမ်းသည့် အနုပညာဖြင့် ပရိသတ်များကို အကောင်းဆုံး ပေးဆပ်နေခြင်းဖြစ်ကြောင်း၊ ကျေးဇူးတင်ထိုက်သူများ အားလုံးကို ကျေးဇူးတင်ပါကြောင်း" ပြောကြားသည်။ အကောင်းဆုံးဒါရိုက်တာဆုရှင် ကျော်သူကလည်း"အမြဲတမ်းအားပေးနေသည့် ထမင်းရှင် ပရိသတ်ကြီးအား ကျေးဇူးတင်ကြောင်း၊ အမေ့နို့ဖိုးဓာတ်ကားရိုက်ကူးခွင့်ပြုခဲ့သည့် အမျိုးသားရုပ်ရှင်ထုတ်လုပ်ရေး၊ မိဘနှစ်ပါးနှင့် ဓာတ်ကား၌ ပါဝင်သရုပ်ဆောင်ကူညီခဲ့ကြသူ အားလုံးကို ကျေးဇူးတင်ပါကြောင်း" ပြောကြားသွားသည်။

၂၀၀၃ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု(အကယ်ဒမီဆု) ပေးပွဲသည် ယခင်နှစ်များနှင့်မတူ ထူးခြားမှုများ ကိုတွေ့ရသည်။ အကယ်ဒမီ ခုနစ်ဆု ကို ဆွတ်ခူးရယူသွားသည့် အမေ့နို့ဖိုးဓာတ်ကားသည် မိခင်မေတ္တာကို ဖော်ကျူးသော ငါးရာနှစ်ဆယ့်ရှစ်မေတ္တာဘွဲ့ဓာတ်ကားဖြစ်သည်။ အကယ်ဒမီနှစ်ဆု ဆွတ်ခူးသွားသည့် နေကမွေးတဲ့လဓာတ်ကားသည်လည်း မွေးစားဖခင် ကျော်ဟိန်း၏ ဖခင်မေတ္တာကို ဖော်ကျူးသော ငါးရာနှစ်ဆယ့်ရှစ်မေတ္တာဘွဲ့ပင်ဖြစ်သည်။ သူးမွဲ့ထသစ္စာ ဓာတ်ကားက ရရှိခဲ့သည့် အကယ်ဒမီနှစ်ဆုမှာ စက်မှုပိုင်းဆိုင်ရာ ဆုများဖြစ်ပြီး အနုပညာဆိုင်ရာဆု ကိုးဆုကို ငါးရာနှစ်ဆယ့်ရှစ်မေတ္တာဘွဲ့ ဓာတ်ကားနှစ်ကားက ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

နောက်ထပ် ထူးခြားမှုတစ်ခုမှာ ယခုနှစ် အကယ်ဒမီဆုရှင်များသည် တက်သစ်စ အနုပညာရှင်များမဟုတ်ကြဘဲ သမ္မာရင့်ဝါရင့် ရုပ်ရှင်သရုပ်ဆောင်များဖြစ်သည်ကိုတွေ့ရပေသည်။ ဇော်ဦးမှလွဲလျှင် ကျန်အနုပညာရှင်များအားလုံး ယခင်က အကယ်ဒမီဆု ရရှိခဲ့ကြဖူးသူများဖြစ်သည်။ ကျော်ဟိန်းက အကယ်ဒမီဆုငါးကြိမ်၊ ချိုပြုံးက အကယ်ဒမီဆု လေးကြိမ်၊ ထွန်းအိန္ဒြာဗိုက အကယ်ဒမီဆု နှစ်ကြိမ်၊ ငြိမ်းမင်းက အကယ်ဒမီဆု နှစ်ကြိမ်၊ ကျော်သူက အကယ်ဒမီဆု နှစ်ကြိမ်၊ ဇော်မျိုးထွဋ်က အကယ်ဒမီဆု နှစ်ကြိမ်၊ ကျောက်ဖြူ (ပဒေသာ) က အကယ်ဒမီဆု နှစ်ကြိမ် အသီးသီး ရရှိသွားကြသည်။

၂၀၀၃ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ပေးပွဲ အခမ်းအနားသည် သမ္မာရင့်ဝါရင့် ရုပ်ရှင်အနုပညာရှင်များ အောင်ပွဲခံခဲ့ကြသည့် ငါးရာနှစ်ဆယ့်ရှစ်မေတ္တာဓာတ်လွှမ်းခြုံသော ဆောင်းညချမ်းတစ်ခုဖြစ်ပါကြောင်း တင်ဆက်ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

၂၀၀၃ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ပေးပွဲသည် ယခင်နှစ်များနှင့်မတူ ထူးခြားမှုများကို တွေ့ရသည်။ အကယ်ဒမီခုနစ်ဆုကို တစ်ပွေ့တစ်ပိုက်ကြီးရယူသွားသည့် အမေ့နို့ဖိုး ဓာတ်ကားသည် မိခင်မေတ္တာကို ဖော်ကျူးသော ငါးရာနှစ်ဆယ့်ရှစ် မေတ္တာဘွဲ့ဓာတ်ကား ဖြစ်သည်။ အကယ်ဒမီနှစ်ဆု ဆွတ်ခူးသွားသည့် နေကမွေးတဲ့လ ဓာတ်ကားသည်လည်း မွေးစားဖခင် ကျော်ဟိန်း၏ ဖခင်မေတ္တာကို ဖော်ကျူးသော ငါးရာနှစ်ဆယ့်ရှစ် မေတ္တာဘွဲ့ဓာတ်ကားပင် ဖြစ်သည်။

# နယ်စပ်ဒေသနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်လျက်ရှိ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းရေး ဖန်တီးတည်ဆောက်နေ



**ရန်ကုန် ဒီဇင်ဘာ ၂၉**

မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် မွန်ပြည်နယ်အတွင်း ဆောင်ရွက်ရန် လျာထားသည့် လက်တွေ့လုပ်ငန်းများကို မွန်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ မွန်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ဦးတည်ချက်များ အကောင်အထည်ဖော်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၆ ရက် နံနက်ရနာရီခွဲတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ကျင်းပသည်။

**တက်ရောက်**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရပ်မိရပ်ဖများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ *စာမျက်နှာ ၁၁ ကော်လံ ၁* ✻

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် ဦးတည်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပစဉ်။ **(သတင်းစဉ်)**

## မြန်မာ့အလင်း (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို

- ❐ အလေးပြုဖို့ ချီတက်စို့။ စိုးမိုး(ပုသိမ်)၏ကဗျာ (စာ-၃)
- ❐ လွတ်လပ်ရေးအခွန့်ရှည်တည်တံ့အောင် ဟောဒီအဖျက်ရန်တွေကို အမျိုးသားရေးသတိနဲ့ တားဆီးတိုက်ဖျက်ကြရမယ်ကွယ့်။ မင်းဦး(ဒသဃန)၏ကာတွန်း (စာ-၃)
- ❐ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏စိုက်ပျိုးရေးကဏ္ဍတိုးတက်ဖြစ်ထွန်းမှုများ။ ဓာတ်ပုံမှတ်တမ်း (စာ-၇)
- ❐ လွတ်လပ်ရေးအတွက် နယ်ချဲ့ခုခံရေးစစ်ပွဲကာလများ၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလများတွင် မြန်မာတို့သည် အမျိုးသားရေးစိတ်ဓာတ်ဖြင့် အမျိုးသားနိုင်ငံရေးကိုဆွဲကိုင်ခဲ့သည်။ ထိုတူညီသောခံယူချက်ကြောင့်လည်း စည်းလုံးညီညွတ်ခဲ့သည်။ တက္ကသိုလ်မြတ်သူ၏ဆောင်းပါး (စာ-၈၊ ၉)

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## မုန်းချောင်းဘက်စုံရေလှောင်တမံ

**ဒီဇင်ဘာ ၂၉ ရက်က မကွေးတိုင်း မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်တွင် နိုင်ငံတော်က တည်ဆောက်ဖွင့်လှစ်ပေးလိုက်သည့် မုန်းချောင်းဘက်စုံရေလှောင်တမံကြီးကို ခံ့ညားထည်ဝါစွာ ဤသို့တွေ့ရသည်။**
(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

